THE
CARTER CENTER

# ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်

# မြန်မာနိုင်ငံ၊ အထွေထွေရွေးကောက်ပွဲ၊ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့

# ကနဦးအစီရင်ခံစာ

## နိုဝင်ဘာလ ၁၀ ရက်

*ကာတာစင်တာ နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာရေးမစ်ရှင် (IEOM) ကို ဇူလိုင်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC)မှ အသိအမှတ်ပြုခဲ့ပါသည်။ ဤမစ်ရှင်ကို Sean Dunne မှ ဦးစီးဦးဆောင်ပြီး နိုင်ငံတကာ ရွေးကောက်ပွဲကျွမ်းကျင်ပညာရှင် ခြောက်ယောက်ပါဝင်သည့် Core Team ၊ ကာလရှည် ရွေးကောက်ပွဲလေ့လာသူများ (LTOs) အဖြစ် တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံသား ၂၄ ဦးနှင့် နိုင်ငံခြားသား ကာလတိုရွေးကောက်ပွဲလေ့လာသူ (STOs) ၁၄ ဦးတို့ ပါဝင်ပါသည်။ အဆိုပါ မစ်ရှင်အဖွဲ့ဝင်များသည် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ လာရောက်၍ ဤမစ်ရှင်အတွက် အတူတကွ လက်တွဲလုပ်ဆောင်ကြခြင်း ဖြစ်ပါသည်။ COVID – 19 ရောဂါဆိုင်ရာ ကန့်သတ်မှုများကြောင့် မစ်ရှင်အဖွဲ့ဝင်များသည် ရွေးကောက်ပွဲကြိုကာလ အတော်များများတွင် နိုင်ငံအတွင်းရှိ ပတ်သက်ဆက်နွှယ်သူများနှင့် အွန်လိုင်းအစည်းအဝေးပွဲများကျင်းပပြီး ရပ်ဝေးမှနေ၍ လေ့လာခဲ့ ပါသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ပတ်အလိုတွင် ကာလရှည်ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ၁၂ ဖွဲ့ကို ပြည်နယ်နှင့်တိုင်းဒေသကြီး ရှစ်ခုဆီသို့ လေ့လာရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ရွေးကောက်ပွဲနေ့တွင် ရွေးကောက်ပွဲလေ့လာသူ စုစုပေါင်း ၄၃ ယောက်သည် ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့ကို လေ့လာရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုရှိ မဲရုံ ၂၃၄ ရုံတို့ကို သွားရောက်ခဲ့ပါသည်။ ကာတာစင်တာသည် ကန့်ကွက်မှုများနှင့် အယူခံဝင်မှုဖြစ်စဉ်များအပါအဝင် ရွေးကောက်ပွဲနှောင်းပိုင်းကာလ အခြေအနေကို ဆက်လက် လေ့လာနေပြီး မဲရလဒ်များစာရင်းသွင်းခြင်းအား အပြီးသတ်ခြင်းကို ဆက်လက် လေ့လာအကဲဖြတ်လျက်ရှိပါသည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူမှုမီဒီယာပေါ်မှ အခြေအနေများအကြောင်း အစီရင်ခံစာကို ဤလထဲတွင် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။ ကာတာစင်တာသည် ဤရွေးကောက်ပွဲများကို နိုင်ငံတော်၏ ဥပဒေမူဘောင်နှင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် အပြည်ပြည်ဆိုင်ရာအခြေခံမူများနှင့်*

*ကတိကဝတ် များအား အခြေပြု၍ စစ်ဆေးအကဲဖြတ်သည့်အပြင် ၎င်း၏လုပ်ငန်းစဉ်များကို နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာမှုများအတွက် အခြေခံမှုများဆိုင်ရာ ကြေညာချက်နှင့်အညီ လိုက်နာလုပ်ဆောင်ပါသည်။ ကာတာစင်တာသည် ၂၀၁၃ ခုနှစ်ကတည်းကပင် မြန်မာနိုင်ငံ၌ ရုံးစိုက်ထားပြီး ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကိုလည်း လေ့လာခဲ့ပါသည်။*

***ဤထုတ်ပြန်ကြေညာချက်သည် ကနဦးအစီရင်ခံစာဖြစ်ပါသည်၊ ရွေးကောက်ပွဲဆိုင်ရာဖြစ်စဉ်အပြီးနောက်ပိုင်းတွင် အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်ပေးသွားပါမည်။***

## အကျဉ်းချုပ်

ကိုဗစ် ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် - စိန်ခေါ်မှုများ ရှိနေခဲ့သော်လည်း မြန်မာနိုင်ငံသားများသည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဒီမိုကရေစီအပေါ် ၎င်းတို့၏ အလေးထားမှုကို ဆန္ဒမဲပေးခြင်းဖြင့် ထပ်လောင်း အတည်ပြုခဲ့ကြသည်။ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် ချမှတ်ခဲ့သော ကန့်သတ်ချက်များက ရွေးကောက်ပွဲဖြစ်စဉ်၏ အရေးပါသော ကဏ္ဍများအပေါ် သက်ရောက်ခဲ့သော်လည်း မဲဆန္ဒရှင်များသည် ဆန္ဒမဲ ပေးရန် စိတ်အားထက်သန်ခဲ့ကြပြီး မဲရုံများတွင် ၎င်းတို့၏ ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့်ရရှိ၍ ၎င်းတို့ ရွေးကောက်တင်မြှောက်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုလည်း ရွေးချယ်ခွင့် ရရှိခဲ့ကြကြောင်း ကာတာစင်တာ၏ နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်က တွေ့ရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရည်အသွေးသည် တပ်မတော်သား ကိုယ်စားလှယ်များအတွက် ကြိုတင်သတ်မှတ်ထားသောနေရာများ အပါအဝင် ဥပဒေမူဘောင်တွင် ကြီးမားသော ဟာကွက်များ ရှိနေသော ကြောင့် လိုက်စားနေဆဲဖြစ်ပြီး မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားစံနှုန်းများနှင့်အညီ ပြုပြင် ပြောင်းလဲရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြသနေပါသည်။ နိုင်ငံ၏ ဒေသအများအပြားတွင် ဖြစ်ပွား လျက်ရှိသော ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ သို့မဟုတ် ခွဲခြားဆက်ဆံမှုများကြောင့် ရွေးကောက်ပွဲဖြစ်စဉ်တွင် လူဦးရေပေါင်း နှစ်သန်းကျော်ခန့် ဆန္ဒမဲပေးခွင့် မရရှိခြင်းတို့သည် ရွေးကောက်ပွဲဖြစ်စဉ်၏ ဒီမိုကရေစီ ဝိသေသလက္ခဏာအား ပိုမို ယုတ်လျော့အားနည်းစေသည်။

ကိုဗစ် ၁၉ ရောဂါဆိုင်ရာ စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးကို ဦးတည်ဆောင်ရွက်သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ ကြိုးပမ်းအားထုတ်မှုများမှာ ချီးကျူးစရာဖြစ်သည်။ အငြင်းပွားဖွယ် ကိစ္စရပ်များ ရံဖန်ရံခါ ဖြစ်ပွားခဲ့သည့် ရွေးကောက်ပွဲအကြိုကာလအပြီး ရွေးကောက်ပွဲနေ့တွင်မူ ထူးခြားဖြစ်စဉ်များသော်လည်းကောင်း၊ မှုမမှန်သော ကိစ္စရပ် ကြီးကြီးမားမားသော် လည်းကောင်း ဖြစ်ပွားခဲ့ခြင်း မရှိဟု မစ်ရှင်၏ ရွေးကောက်ပွဲလေ့လာသူများက တင်ပြခဲ့သည်။

ကာတာစင်တာ၏ ရွေးကောက်ပွဲလေ့လာသူများ သွားရောက်လေ့လာခဲ့သော မဲရုံများတွင် ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်ကြပြီး သွားရောက်လေ့လာခဲ့သော မဲရုံများ၏

၉၄% တွင် ဆန္ဒမဲပေးမှုဆိုင်ရာ လုပ်ဆောင်ပုံများ ကောင်းမွန်ကြောင်း အကဲဖြတ်လေ့လာသိရှိရသည်။ မဲရေတွက်မှုအား လေ့လာခဲ့သော မဲရုံများတွင် မဲရေတွက်သည့် ဖြစ်စဉ်အား မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲလေ့လာရေးမစ်ရှင် သွားရောက်လေ့လာခဲ့သော မဲရလဒ်များ စာရင်းသွင်းသည့်နေရာများအနက် သုံးနေရာ၌ ကန့်သတ်၊ ပိတ်ပင်ခံခဲ့ရသော်လည်း လေ့လာခွင့် ရရှိခဲ့သော ကျန်နေရာများတွင် မဲရလဒ်များ စာရင်းသွင်းမှုကို ချောချောမွေ့မွေ့ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။ ကာတာစင်တာအနေဖြင့် မဲရလဒ်များ စာရင်းသွင်းခြင်းနှင့် ရွေးကောက်ပွဲ နှောင်းပိုင်း ကာလ အငြင်းပွားမှု ဖြစ်စဉ်များကို ဆက်လက်လေ့လာသွားမည် ဖြစ်ပါသည်။

***ကာတာစင်တာ၏ အဓိက ကနဦးတွေ့ရှိချက်များနှင့် သုံးသပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။***

**ဥပဒေမူဘောင်** - ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်သည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားစံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်နေပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အငြင်းပွားဖွယ် ကဏ္ဍများတွင် ရွေးကောက်တင်မြှောက်ခံရသော အဖွဲ့အစည်းများ၌ တပ်မတော်အတွက် ကြိုတင်သတ်မှတ်ထားသောနေရာများ၊ မဲဆန္ဒနယ်များတွင် ဆန္ဒမဲမမျှတမှုများ၊ သမ္မတ ဖြစ်မှုအပေါ် လွန်ကဲသော ကန့်သတ်ချက်များ၊ UEC ၏ အမှီအခိုကင်းမှုကို လျော့ပါးစေသည့် ကြိုတင် သတ်မှတ်ထားသော ခန့်အပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် UEC ၏ ဆုံးဖြတ်ချက်များကို ပြင်ဆင်ရန် အယူခံနိုင်စွမ်း မရှိ ခြင်းတို့ ပါဝင်ပါသည်။ ထို့ပြင် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်း၍ ခွဲခြားဆက်ဆံသော ပြဋ္ဌာန်းချက်များသည် တိုင်းရင်းသားလူနည်းစုအချို့မှ တိုင်းရင်းသားများ၏ ဆန္ဒမဲပေးခွင့် အထူးသဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မတိုင်မီတွင် ဆန္ဒမဲပေးခွင့် ဆုံးရှုံးခဲ့သော ရိုဟင်ဂျာလူမျိုး အရေအတွက် ထောင်ပေါင်းများစွာ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ရုပ်သိမ်းမှုများ ဆက်လက် ဖြစ်ပွားစေလျက်ရှိသည်။

**ရွေးကောက်ပွဲ စီမံခန့်ခွဲမှု** -ရွေးကောက်ပွဲ စီမံခန့်ခွဲမှုသည် ကိုဗစ် ၁၉ ရောဂါဆိုင်ရာ စိန်ခေါ်မှုများ - နှင့်အလိုက်သင့်ပြုမူဆောင်ရွက်နိုင်သောကြံ့ကြံ့ခံနိုင်ရည်ရှိမှုကို လက်တွေ့ပြသခဲ့သည်။ UEC သည် ရွေးကောက်ပွဲ ဖြစ်စဉ်ကို ကြီးကြပ်ကွပ်ကဲရန်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို လိုအပ်သလို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ပြီး မဲစာရင်း ထပ်မံဖြည့်စွက်၊ ပြင်ဆင်၊ နုတ်ပယ်ခြင်းဖြစ်စဉ်၊ ရွေးကောက်ပွဲအရာရှိများကို လေ့ကျင့်သင်ကြား ပေးခြင်းနှင့် ကိုဗစ် ၁၉ ရောဂါ အထိခိုက်လွယ်သော မဲဆန္ဒရှင်များအတွက် လုပ်ထုံးလုပ်နည်းများအား လိုက်လျော ညီထွေဖြစ်အောင် ပြင်ဆင်ခြင်းများအတွက် ချီးကျူးထိုက်သော ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက် ခဲ့သည်။ သို့သော် UEC ၏ ဆုံးဖြတ်ချက်ချမှတ်မှုသည် အချို့သောဖြစ်ရပ်များတွင် ပွင့်လင်းမြင်သာမှု၊ မြင်သာရှင်းလင်းမှုမရှိသကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ဒေတာအချက်အလက်များကို ပြည်သူလူထုထံ အချိန်မီ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ ရွေးကောက်ပွဲ ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်းတို့နှင့်စပ်လျဉ်း၍ ၁၄ သန်းသော. မဲဆန္ဒရှင်များ၏ မဲပေးခွင့်ကိုဆုံးရှုံးစေခဲ့ပြီး ပြည်ထောင်စုလွှတ်တော်တွင် ၂၂ နေရာ လစ်လပ်စေခဲ့သော UEC ၏ ဆုံးဖြတ်ချက်များသည် ကြိုတင်သတ်မှတ်ထားသော ပွင့်လင်းမြင်သာမှု စံနှုန်းများနှအညီ ကိုက်ညီခြင်းမရှိပေ။ ဤသို့ ရွေးကောက်ပွဲ ရွှေ့ဆိုင်းမှုများအရ တပ်မတော်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များရှိ

ရွေးကောက်တင်မြှောက်ခံနေရာများ၏ သုံးပုံတစ်ပုံနှင့် ညီမျှသော နေရာများကိုသာ ရယူရ မည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြည့်ပြည့်ဝဝ လေးစားလိုက်နာသင့်သည်။

ကြိုတင်မဲပေးမှုအား စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများစွာ မြင့်တက်ခဲ့သည်။ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းအား စီမံခန့်ခွဲရာတွင် ဆန္ဒမဲလျှို့ဝှက်မှုရှိစေရန်နှင့် သမာသမတ်ကျစေရန်အတွက် ဘေးရန် ဆီးကာရေး လုပ်ဆောင်မှုများ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပေ။ ပါဝင်မဲပေးကြစေရန်အတွက် ပံ့ပိုး နေသော်လည်း အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲကောက်ယူမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရာတွင် ရှင်းလင်းမှုမရှိသော သို့မဟုတ် တစ်သမတ်တည်းမဖြစ်သော လုပ်ထုံးလုပ်နည်းများကြောင့် ဝေဖန်မှုများ ဖြစ်စေပါသည်။

**မဲဆန္ဒရှင် မှတ်ပုံတင်ခြင်း** မစ်ရှင်နှင့် ပါဝင်ဆွေးနွေးသူအများစုသည် ထိခိုက်လွယ်အုပ်စုများအပေါ် ဖယ်ကြဉ်ချန်လှပ်နိုင်မှုများ ရှိနေဆဲဖြစ်သည်ဟူသော စိုးရိမ်ပူပန်မှုအချို့ ရှိသော်လည်း မဲစာရင်း၏ အရည်အသွေး ကောင်းမွန်ကြောင်း အကဲဖြတ်သုံးသပ်ခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိုင်းရင်းသားရေးရာဝန်ကြီးနေရာများအတွက် မဲပေးရမည့် ဆန္ဒမဲစာရင်းများ၌ မဲဆန္ဒရှင်များ မပါဝင်သည့် ကိစ္စရပ်များရှိကြောင်း မီဒီယာများက သတင်းထုတ်ပြန်ခဲ့သော်လည်း နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေး မစ်ရှင်သည် ရွေးကောက်ပွဲနေ့၌ မဲရုံများတွင် မဲစာရင်းများနှင့်စပ်လျဉ်း၍ ပြဿနာကြီးကြီးမားမား မတွေ့ခဲ့ရပေ။

**လွှတ်တော်ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်း** - မဲဆန္ဒရှင်များတွင် နိုင်ငံရေးအရ ရွေးချယ်စရာများစွာ ရှိခဲ့ကြသော်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်မှုနှင့်သက်ဆိုင်သည့် ပြဿနာအချို့ ရှိခဲ့သည်။ အထူးသဖြင့် ဘာသာရေးလူနည်းစုနှင့် တိုင်းရင်းသားလူနည်းစုတို့၏ နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းသည့် အရည်အချင်း သတ်မှတ်ချက်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများစွာ၏ စာရင်းကို ပယ်ချ ခြင်းသော်လည်းကောင်း၊ ပယ်ဖျက်ခြင်းသော်လည်းကောင်း ဖြစ်စေခဲ့ပါသည်။ ထို့ပြင် လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၅ ရာခိုင်နှုန်းကျော်၏ မှတ်ပုံတင်မှုကို မဲဆွယ်စည်းရုံးသည့်ကာလတွင် ပယ်ဖျက်ခဲ့ပါသည်။ (နိုင်ငံရေးပါတီတစ်ခု၏ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်လိုက်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ခံရသူများမှာ အများစုဖြစ်သည်။) ထိုသို့ပြုလုပ်ခဲ့ခြင်းသည် လူတစ်ဦးချင်းစီ၏ ကိုယ်စားပြုပိုင်ခွင့်အပေါ် သက်ရောက်မှုရှိသည့်အပြင် နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား အစားထိုးလဲလှယ်ရန် အတားအဆီးဖြစ်စေပါသည်။ နောက်ဆုံးအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ တိုင်းရင်းသားဖြစ်မှု၊ ဘာသာရေးတို့နှင့် သက်ဆိုင်သည့် ဒေတာအချက်အလက်များကို ကောက်ယူခြင်းနှင့် ထုတ်ပြန်ဖော်ပြခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဒေတာအချက်အလက်ကာကွယ်ရေး အခြေခံမူများအရ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်လုံခြုံမှုရရှိပိုင်ခွင့်ကို လေးစားလိုက်နာထားခြင်း မရှိပါ။

**အမျိုးသမီးပါဝင်မှု** - ၂၀၁၀ ပြည့်နှစ်မှစ၍ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းအရေအတွက် တဖြည်းဖြည်း တိုးလာခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း များ၏ ၁၆ ရာခိုင်နှုန်းကသာ အမျိုးသမီးများ ဖြစ်ကြပါသည်။ ပါတီအချို့သည် ပါတီတွင်း သာတူညီမျှရှိရေး

မူဝါဒများကို အကောင်အထည်ဖော်ချမှတ်ခဲ့သော်လည်း အမျိုးသမီးများ ပိုမိုပါဝင်လာရန်အတွက် ယာယီအထူး စီမံဆောင်ရွက်ချက်များကို ကုစားဖြေရှင်းမှုတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ပြင် အမျိုးသမီးများ သည် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ၏ ရာထူးအဆင့်မြင့်သည့် နေရာများတွင် ပါဝင်မှုနည်းပါးလျက်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးတစ်ဦးမျှ မရှိပါ။

**မဲဆွယ်စည်းရုံးရေး အခင်းအကျင်း** - ရွှေ့ပြောင်းသွားလာခြင်းနှင့် စုဝေးခြင်းတို့ကို ကန့်သတ်ထားသည့် ကိုဗစ် ၁၉- ဆိုင်ရာ ကန့်သတ်ချက်များသည် ပြည်သူလူထုအား မဲဆွယ်စည်းရုံးရေး၏ ထင်သာမြင်သာရှိမှုနှင့် အကြိတ်အနယ် ပြိုင်ဆိုင်နိုင်မှုတို့အပေါ်တွင် သက်ရောက်မှုများရှိခဲ့သည်။ သို့သော် ကာတာစင်တာက လူတွေ့မေးမြန်းမှု ပြုလုပ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ သုံးပုံနှစ်ပုံသည် လွတ်လွတ်လပ်လပ်နှင့် သာတူညီမျှဖြစ်စွာ မဲဆွယ်စည်းရုံးနိုင်ခဲ့ကြသည်ဟု ဆိုသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအချို့သည် အာဏာရပါတီ၏ သိသိသာသာ တစ်ပန်းသာသည့် လုပ်ပိုင်ခွင့်အပြင် ပိုမိုကြီးမားသော မဲဆွယ်စည်းရုံးရေးပွဲများနှင့် စပ်လျဉ်း၍ ကိုဗစ်- ၁၉ ဆိုင်ရာ ကန့်သတ်ချက်များ၏ တစ်သမတ်တည်းမဟုတ်သောဥပဒေစိုးမိုးမှုတို့ကို စိုးရိမ်ပူပန်မှုကြောင်း ပြောကြားခဲ့ကြသည်။ ထို့ပြင် ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် အခမဲ့ထုတ်လွှင့်ချိန်အတွက် နိုင်ငံရေးပါတီများ၏ စာသားများအပေါ် UEC ၏ ဆန်းစစ်သုံးသပ်မှုမှာ လွန်စွာတင်းကျပ်ပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားစံနှုန်းများနှင့် ကွဲလွဲနေသည်။

မဲဆွယ်စည်းရုံးရေးအခင်းအကျင်းသည် ယေဘုယျအားဖြင့် တည်ငြိမ်၍ အေးချမ်းပါသည်။ သို့သော် နေရာအချို့တွင် လူတစ်ဦးသေဆုံးခဲ့သည့်အပြင် အများနှင့်ပုဂ္ဂလပိုင်ပစ္စည်းများ ဖျက်ဆီးမှုများနှင့် မဲဆွယ်စည်းရုံးရေးသုံး ပစ္စည်းများကို ဖြို့ချဖျက်ဆီးမှုတို့ကို လုပ်ဆောင်သည့် လုပ်ရပ်များကိုပါ ဖြစ်စေခဲ့သည့် ပါတီထောက်ခံ ဝန်းရံသူများအကြား သီးခြားပဋိပက္ခဖြစ်ရပ်များ ရှိခဲ့ကြပါသည်။ ရခိုင်ပြည်နယ်ရှိ NLD ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးကို ရက္ခိုင်တပ်မတော်က ပြန်ပေးဆွဲခဲ့သည်။ ထို့ပြင် အချို့နေရာများတွင် မဲဆွယ်စည်းရုံးမှုကို ဝင်ရောက်စွက်ဖက်မှုများ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ လက်လှမ်းမီ ပျံ့နှံ့နိုင်မှုကို ကန့်သတ်မည့် ဒေသတွင်းအထူးစည်းကမ်းချက်များနှင့် ပတ်သက်သည့် အစီရင်ခံမှုများ ရှိခဲ့ပါသည်။

**ရွေးကောက်ပွဲအငြင်းပွားမှုများကို ဖြေရှင်းခြင်း** - ရွေးကောက်ပွဲစေ့စပ်ညှိနှိုင်းရေးကော်မတီများကို UEC က ဖွဲ့စည်းခဲ့ပြီး စည်းကမ်းလိုက်နာမှုများကို ဆန်းစစ်ရန်အတွက် စောင့်ကြည့်ရေးကော်မတီနှင့် လိုက်နာရန် ကျင့်ဝတ်များ ထားရှိခြင်းကို နိုင်ငံရေးပါတီအများစုက သဘောတူခဲ့ကြပါသည်။ နှစ်မျိုးစလုံးသည် အပြုသဘော ဆောင်၍ မိမိဆန္ဒအလျောက်ဖြစ်သော ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်း ယန္တရားများ ဖြစ်ကြပါသည်။ ကော်မတီ၏ ဆုံးဖြတ်ချက်များသည် ဥပဒေအရစည်းနှောင်မှုမရှိသော်လည်း ပတ်သက်ဆက်နွှယ်သူများအတွက် အခြေအနေတင်းမာမှုများကို ထိန်းသိမ်းခြင်း၊ ဆွေးနွေးမှုများပြုလုပ်ရန် တိုက်တွန်းခြင်းနှင့် သဘောတူညီမှု တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အသုံးဝင်ခဲ့ပါသည်။

**လူမှုမီဒီယာ** - လွှတ်တော်ကိုယ်စားလှယ်လောင်းအများစုသည် ၎င်းတို့၏ မဲဆန္ဒနယ်မြေများထံ လက်လှမ်းမီရောက်ရှိရန်အတွက် လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘုတ်ကို ပုံမှန်အသုံးပြုခဲ့ကြပါသည်။ ပါတီနှင့်

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အကောင့်များမှတစ်ဆင့် လှုပ်ရှားမှုများသည် တရားဝင်မဲဆွယ်စည်းရုံးမှု စတင်သည်နှင့်တစ်ပြိုင်နက် လျင်မြန်စွာပျံ့နှံ့သွားခဲ့ပြီး မဲဆွယ်စည်းရုံးရေး ရပ်နားကာလမတိုင်မီအထိ ဆက်လက် မြင့်မားလျက်ရှိသည်။ ကာတာစင်တာ၏ အများပြည်သူမြင်နိုင်သည့် လူမှုမီဒီယာ ဖေ့စ်ဘုတ်စာမျက်နှာများကို စောင့်ကြည့်ရေးလုပ်ငန်းသည် သန်းချီသော ဖေ့စ်ဘုတ်အသုံးပြုသူများထံ လက်လှမ်းမီရောက်ရှိစေနိုင်သည့် တိုင်းရင်းသားလူနည်းစု များနှင့် ဘာသာရေးလူနည်းစုများကို ဦးတည်ထားသော အမုန်းစကားများပါဝင်လေ့ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ကြံသတင်းအများအပြားကို ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းများကိုလည်း အမုန်းစကားများနှင့် နှောင့်ယှက်တိုက်ခိုက်မှုများဖြင့် ဦးတည် တိုက်ခိုက် ခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည်။

**ရွေးကောက်ပွဲလေ့လာခြင်း** - ကနဦးရွေးကောက်ပွဲလေ့လာခွင့်ရရှိရေးနှင့်ဆိုင်သည့် ပြဿနာများ ရှိခဲ့သော်လည်း နိုင်ငံသား ရွေးကောက်ပွဲလေ့လာသူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ရှုထောင့်အများစုကို လေ့လာ နိုင်ခဲ့ကြပါသည်။ ရွေးကောက်ပွဲအကြိုကာလ၌ လုပ်ဆောင်ခဲ့သည့် ၎င်းတို့၏ လုပ်ငန်းများအပြင် ရွေးကောက်ပွဲ နေ့တွင် မဲရုံကိုယ်စားလှယ်များနှင့် နိုင်ငံသားရွေးကောက်ပွဲလေ့လာသူများ အပြောက်အမြားကို နေရာချထား လေ့လာနိုင်စေခြင်းက ပွင့်လင်းမြင်သာမှုတိုးလာစေရန် ပံ့ပိုးပေးခဲ့ပါသည်။ ကာတာစင်တာမှ ရွေးကောက်ပွဲ လေ့လာသူများအပါအဝင် ရွေးကောက်ပွဲလေ့လာသူအချို့သည် လုံခြုံရေးတပ်ဖွဲ့များ၏ အနီးကပ် စောင့်ကြည့် မှုကိုခံခဲ့ရပြီး ရွေးကောက်ပွဲလေ့လာခြင်းလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များနှင့်စပ်လျဉ်းသည့် ထပ်ဆောင်း သတင်းပေးပို့ရေး သတ်မှတ်ချက်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ အဆိုပါကန့်သတ်ချက်များသည် သင့်လျော်မှု မရှိ၍ ရွေးကောက်ပွဲ လေ့လာသူများ၏ ပွင့်လင်းမြင်သာမှုထိန်းသိမ်းနိုင်စွမ်းကိုပါ လျော့ကျစေပါသည်။

ကာတာစင်တာမစ်ရှင်အဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စီမံ ဆောင်ရွက်ချက်များက သက်ရောက်မှုရှိခဲ့ပါသည်။ မစ်ရှင်သည် ၎င်း၏ချဉ်းကပ်နည်းကို အမှီအခိုကင်းခြင်း၊ သမာသမတ်ကျခြင်းနှင့် ဖြစ်ရပ်မှန်အခြေပြု သတင်းပေးပို့ခြင်းစသည့် အဓိကအခြေခံမှုများကို ထိန်းသိမ်း လိုက်နာလျက် ရွေးကောက်ပွဲလေ့လာရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်အတွက် လိုက်လျော ညီထွေဖြစ်အောင် စီစဉ်ထားပါသည်။ မစ်ရှင်အဖွဲ့သည် ခရီးသွားလာရေး ကန့်သတ်ချက်များကြောင့် လုပ်ငန်းစဉ်ကို အပြည့်အဝ လက်လှမ်းမမီခဲ့ပဲ ရာနှင့်ချီသော အစည်းအဝေးများကို ရပ်ဝေးမှသာ ကျင်းပခဲ့ပါသည်။ မစ်ရှင်အဖွဲ့သည် မဲဆွယ်စည်းရုံးမှုနှင့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို တိုက်ရိုက် မလေ့လာနိုင်ခဲ့သောကြောင့် ပါဝင်ဆွေးနွေးသူများက ပြုလုပ်သော အဆိုပြုချက်များအားလုံးကို အကဲဖြတ်တွက်ချက်နိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ၎င်းသည် လုပ်ငန်းစဉ်၏ ရှုထောင့်အားလုံးကို နှံ့စပ်သေချာစွာ ဆန်းစစ်ခြင်းမျိုး မပြုလုပ်နိုင်ခဲ့ပါ။

ကာတာစင်တာ၏လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးခဲ့မှုများအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အပြင် မစ်ရှင်အဖွဲ့နှင့် တွေ့ဆုံရန်အချိန်ပေးခဲ့သည့် ပတ်သက်ဆက်နွှယ်သူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ မစ်ရှင်အဖွဲ့သည် ရွေးကောက်ပွဲအငြင်းပွားမှုများကို ဖြေရှင်းခြင်းအပါအဝင် ရွေးကောက်ပွဲနှောင်းပိုင်းကာလ အခင်းအကျင်းများကို ဆက်လက်လေ့လာမည်ဖြစ်ပြီး ထပ်ဆောင်းကြေညာချက်များကိုလည်း ထုတ်ပြန်ပါမည်။

ကာတာစင်တာသည် အကြံပြုချက်များနှင့်တကွ အပြီးသတ်အစီရင်ခံစာကို မစ်ရှင်အဖွဲ့မှတစ်ဆင့် ၂၀၂၁ ခုနှစ် မတ်လကုန်မတိုင်မီ ထုတ်ပြန်ရန် ရည်ရွယ်ပါသည်။

## ကနဦးတွေ့ရှိချက်များနှင့် နိဂုံးချုပ်တွေ့ရှိချက်များအတွက် ထုတ်ပြန်ကြေညာချက်

### နောက်ခံအခြေအနေ

နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများသည် ၂၀၁၁ ခုနှစ်တွင် ဖော်ဆောင်ခဲ့သော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အစပိုင်းမှစ၍ ကျင်းပခဲ့သော ရွေးကောက်ပွဲများ၏နောက် ဒုတိယအကြိမ်မြောက်ကျင်းပသည့် အထွေထွေရွေးကောက်ပွဲများဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းအတွက် အရေးပါသည့်ခြေလှမ်း ဖြစ်ပါသည်။ လက်ရှိအာဏာရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် အတိုက်အခံပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) တို့သည် ပြီးခဲ့သည့် လွှတ်တော်သက်တမ်းများတွင် အကြီးဆုံးပါတီများဖြစ်ကြသော်လည်း ၂၀၁၅ ခုနှစ်မှစတင်၍ တိုင်းရင်းသားပါတီအများအပြား ပေါင်းစည်း သွားခြင်းနှင့် အခြားပါတီအသစ်များလည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် နိုင်ငံရေး အခြေအနေမှာ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည်။ ဤပြောင်းလဲမှုများသည် ဆန္ဒမဲပေးသူများအား ရွေးချယ်စရာ အမျိုးအစားအစုံအလင်ကို ပေးခဲ့သော အင်တိုက်အားတိုက် နိုင်ငံရေးယှဉ်ပြိုင်မှုကို ထောက်ကူပေးပါသည်။

ရွေးကောက်ပွဲကျင်းပမည့်နေ့ကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ သွားလာ လှုပ်ရှားမှုများကိုကန့်သတ်ပြီး မြို့နယ်စုစုပေါင်း၏ ၂၂ ရာခိုင်နှုန်းကို နေအိမ်တွင် နေထိုင်ရေး (Stay-at-home) အမိန့်များတွင် အကျုံးဝင်စေခဲ့သော ကမ္ဘာအနှံ့ဖြစ်ပွားသည့် COVID – 19 ကပ်ရောဂါနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့သည်။[၁] ထို့အပြင် နိုင်ငံ၏နေရာဒေသ အတော်များများတွင် အစိုးရတပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်သည့် ပဋိပက္ခများ၏ သက်ရောက်မှုများ ရှိနေသေးသည်။ အချိန်ကြာလာသည်နှင့်အမျှ ဤပဋိပက္ခများကြောင့် ဒုက္ခသည်နှင့် နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သူ အမြောက်အမြား တိုးလာပြီး မြန်မာနိုင်ငံ၏ ပြည်နယ် နှင့်တိုင်းဒေသကြီး ၁၄ ခုထဲမှ ၇ ခု၏ အချို့နေရာဒေသများတွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းမှုများနှင့် ပယ်ဖျက်မှုများကို ဦးတည်စေခဲ့သည်။

ကာတာစင်တာ၏မစ်ရှင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) မှ ဇူလိုင်လ ၃၀ ရက်နေ့တွင် ရွေးကောက်ပွဲလေ့လာရန်အသိအမှတ်ပြုလွှာ ပေးခဲ့သည်။ COVID – 19 ဆိုင်ရာ ခရီးသွားလာရေး ကန့်သတ်မှုများကြောင့် ကာတာစင်တာသည် နိုင်ငံခြားသားများနှင့်အတူတကွ ရွေးကောက်ပွဲလေ့လာသူများအဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံသားများကို ခန့်အပ်ခြင်း အပါအဝင် ၎င်း၏ ရွေးကောက်ပွဲလေ့လာရေး နည်းစနစ်ကို ပြင်ဆင်ကျင့်သုံးခဲ့သည်။ ရွေးကောက်ပွဲအကြိုကာလအတွင်းတွင် မစ်ရှင်သည် ၎င်း၏

---

[၁] ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် COVID – 19 အား သဘာဝဘေးအန္တရာယ်တစ်ရပ်အဖြစ် အစိုးရမှ သတ်မှတ်လိုက်ပါသည်။

လေ့လာရေးလုပ်ငန်းကို ရပ်ဝေးမှနေ၍ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာနှင့် အစိုးရ အရာရှိများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် မီဒီယာဌာနများ စသည်တို့နှင့် အွန်လိုင်းအစည်းအဝေးပွဲ ၁,၀၀၀ ကျော် ကျင်းပပြုလုပ်ခဲ့သည်။ မစ်ရှင်၏လုပ်ငန်းကို လူမှုမီဒီယာ စောင့်ကြည့်ရေးယူနစ်တစ်ခုဖြင့် ပို၍အားကောင်းအောင် လုပ်ဆောင်ခဲ့သည်။ သို့သော်လည်း COVID – 19 ဆိုင်ရာ ကန့်သတ်မှုများက ကာတာစင်တာ၏ ရွေးကောက်ပွဲဖြစ်စဉ်ကို တိုက်ရိုက်လေ့လာနိုင်စွမ်းအား ကန့်သတ်လိုက်သည့်အတွက် ရလဒ်အနေဖြင့် ဤကနဦးထုတ်ပြန်ကြေညာချက်ပါ တွေ့ရှိချက်များမှာ အကန့်အသတ်များ ရှိနေမည် ဖြစ်သည်။ ဤကနဦးအစီရင်ခံစာသည် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော အစောပိုင်း ကြားဖြတ်အစီရင်ခံစာနှစ်ခုပေါ် အခြေခံ ထားပါသည်။[၂]

## ရွေးကောက်ပွဲစနစ်နှင့် ဥပဒေမူဘောင်

ဤရွေးကောက်ပွဲများကို ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် ၁၄ ခုရှိ လွှတ်တော်ကိုယ်စားလှယ်ပေါင်း၏ လေးပုံသုံးပုံကို ရွေးကောက်တင်မြှောက်ရန် ကျင်းပခြင်း ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးမှာ မဲများသူအနိုင် ရွေးကောက်ပွဲစနစ်ဖြင့် မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ခြင်း ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၂၄ ယောက်အနက်မှ ၁၆၈ ယောက်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၄၀ ယောက်အနက်မှ ၃၃၀ယောက် ကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဟူသော နှစ်ဆင့်စလုံးတွင် ရှိရမည့် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံ တစ်ပုံကို လွှတ်တော်တစ်ရပ်စီတွင် ခန့်အပ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲမှုများကို တပ်မတော်မှ တားဆီးနိုင်ပါသည်။ ရွေးကောက်တင်မြှောက်ခြင်းမခံရသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များအား ခန့်အပ်ခြင်းမှာ စစ်မှန်သော ရွေးကောက်ပွဲများတွင် ဖော်ထုတ်ရမည့် ပြည်သူ ပြည်သားတို့၏ ဆန္ဒသည် အစိုးရအုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်သည်ဟု သတ်မှတ်ထားသော ဒီမိုကရေစီဝါဒကို အခြေခံသည့် အဓိက အခြေခံမူများနှင့် ကိုက်ညီမှုမရှိပါ။[၃]

---

[၂] အောက်တိုဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သော ကြားဖြတ်အစီရင်ခံစာ(၁) ကို www.cartercenter.org/news/pr/2020/myanmar-2020-preelection-statement.pdf တွင် ဖတ်ရှုနိုင်ပါသည်။ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သော ကြားဖြတ်အစီရင်ခံစာ(၂) ကို www.cartercenter.org/resources/pdfs/news/peace_publications/election_reports/myanmar-interim-statement-103020.pdf တွင် ဖတ်ရှုနိုင်ပါသည်။

[၃] ကမ္ဘာ့လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) ၏ အပိုဒ် ၂၁ တွင် “အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ အဆိုပါဆန္ဒကို အချိန်ကာလအပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် ဖော်ထုတ်ရမည်….”၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ အပိုဒ် ၂၅နှင့် “ပြည်သူပြည်သားများ ပါဝင်လှုပ်ရှားသော လွတ်လပ်စွာရွေးချယ်ခြင်းခံရသည့် ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူ့ရေးရာများ ဆောင်ရွက်ခြင်းတွင် အပိုဒ် ၂၅ ၌ အဆိုပါ ကိုယ်စားလှယ်များသည် အစိုးရ၏အာဏာကို အသုံးပြုကြောင်းနှင့် အဆိုပါအာဏာအား အသုံးပြုသည့်အတွက်

ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုချင်းစီတွင် ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော် (အမျိုးသားလွှတ်တော်)၌ ကိုယ်စားလှယ် ၁၂ ယောက် ရှိပါသည်။ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ်များကို မြို့နယ်များအား ပေါင်းခြင်း သို့မဟုတ် ခွဲခြမ်းခြင်းအားဖြင့် သတ်မှတ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် တစ်ခုချင်းစီသည် မဲဆန္ဒနယ်တစ်ခုနှင့် ညီမျှသည်။ ထို့ကြောင့် ဤဒေသနှင့်ခရိုင်များသည် အမျိုးသားလွှတ်တော်တွင် ကိုယ်စားပြုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များအတွက် မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် မဲဆန္ဒရှင် ဦးရေ သို့မဟုတ် အရေအတွက်ကို အခြေခံ၍ သတ်မှတ်ခြင်းမဟုတ်ဘဲ မြို့နယ်များ၏ အုပ်ချုပ်ရေးနယ်နိမိတ်များကို အခြေခံ၍ သတ်မှတ်ပါသည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် နိုင်ငံ၏ မြို့နယ် ၃၃၀ ရှိ မြို့နယ်တစ်မြို့နယ်ချင်းစီသည် မဲဆန္ဒနယ်တစ်ခုနှင့် ညီမျှပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များတွင်မူ မြို့နယ်တစ်ခုချင်းစီကို မဲဆန္ဒနယ်နှစ်ခုအဖြစ်ခွဲ၍ သတ်မှတ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းကြောင့် မဲဆန္ဒနယ်များ၏ အရွယ်အစားပိုင်းတွင် သိသာထင်ရှားသည့် ကွာဟချက်များ ဖြစ်ပေါ်စေသည်။ တန်းတူညီမျှစွာ ကိုယ်စားပြုခြင်း၏ အခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာ အလေ့အထကောင်းများကို ဆန့်ကျင်နေပြီး လွှတ်တော်တစ်ခုတည်းမှ ကိုယ်စားလှယ်လောင်း တစ်ဦးသည် မဲဆန္ဒရှင် ထောင်ဂဏန်း သို့မဟုတ် ရာဂဏန်းမျှသာပါဝင်သော မဲဆန္ဒနယ်တစ်ခုကို ကိုယ်စားပြုနိုင်သည်။ [၆]

တိုင်းရင်းသားလူနည်းစုများအား ကိုယ်စားပြုခြင်းကို ပံ့ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံတော်ရှိ စုစုပေါင်းလူဦးရေ၏ ၀.၁ ရာခိုင်နှုန်းထက်ကျော်သော သို့မဟုတ် ၀.၁ ရာခိုင်နှုန်းနှင့် ညီမျှသော တိုင်းရင်းသားလူဦးရေးရှိသည့် နေရာဒေသများအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ အားလုံးပေါင်းတွင် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ၂၉ဦးကို ရွေးကောက်တင်မြှောက်ကြပါသည်။ သို့သော် မိမိတို့၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူများစုဖြစ်ကြသော လူနည်းစုများအတွက် အကျုံးမဝင်ပါ။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာလူနည်းစု မဲဆန္ဒရှင်များမှ ရွေးကောက် တင်မြှောက်ကြပါသည်။

---

ရွေးကောက်ပွဲဖြစ်စဉ်တစ်လျှောက်တွင် ၎င်းတို့အနေဖြင့် တာဝန်ခံရမည်ဖြစ်ကြောင်း သွယ်ဝိုက်ဖော်ပြထားသည်”ဟု အဆိုပြုထားသောယင်းနှင့်အတူပါရှိသည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ (UNHCR)၊ အထွေထွေမှတ်ချက် ၂၅၊ စာပိုဒ် ၇ ကိုလည်း ကြည့်ပါ။ ဗင်းနစ်ကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များတွင် ကောင်းသောကျင့်ဝတ်အလေ့အထများ၊ အပိုင်း (ဈ)၊ ၅ ကိုလည်း ကြည့်ပါ။

[၆] UNHRC အထွေထွေမှတ်ချက် ၂၅၊ စာပိုဒ် ၂၁တွင် ဖော်ပြထားသည်မှာ “မဲဆန္ဒရှင်တစ်ဦး၏ မဲသည် အခြားမဲဆန္ဒရှင်တစ်ဦး၏ မဲနှင့် တန်းတူညီမျှ ဖြစ်ရမည်။” ဗင်းနစ်ကော်မရှင်၏ ကောင်းသောကျင့်ဝတ်အလေ့အထများ၊ (၂.၂.၁) တွင် တန်းတူညီမျှသော မဲပေးပိုင်ခွင့်အတွက် ထောက်ပံ့ပေးထားပြီး မဲဆန္ဒနယ်တစ်နယ်အလိုက် နေထိုင်သူများ (သို့) ဆန္ဒမဲပေးသူများ၏ အရေအတွက်ပေါ်လိုက်၍ ဖော်ပြထားသည်၊ “စံသတ်မှတ်ချက်ထဲမှ လက်သင့်ခံနိုင်သော သွေဖည်ခြင်းမျိုးသည် ၁၀ % ထက်မကျော်လွန်သင့်သည့်အပြင် အထူးအခြေအနေများ (အထူးလူနည်းစုတစ်စုနှင့် ကျိုးတိုးကျဲတဲ လူဦးရေထူထပ်နေသော အုပ်ချုပ်မှုဆိုင်ရာ နေရာဒေသများအား အကာအကွယ်ပေးခြင်း) မှလွဲလျှင် အဆိုပါသွေဖည်ခြင်းမျိုးသည် ၁၅ % ထက် လုံးဝမကျော်လွန်သင့်ပေ။”

*ဥပဒေမူဘောင်*

အထွေထွေရွေးကောက်ပွဲများကို အဓိကအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေသုံးရပ်၊[၅] ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေဖြင့် ထိန်းညှိထားပြီး အဆိုပါဥပဒေအားလုံးကို ၂၀၁၀ ခုနှစ်မှစ၍ လက်ခံကျင့်သုံးခဲ့ပါသည်။ ယင်းတို့ကို UEC မှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများဖြင့် ထပ်မံဖြည့်စွက်သည်။

ဥပဒေမူဘောင်သည် ရွေးကောက်ပွဲဖြစ်စဉ်၏ ဒီမိုကရေစီလက္ခဏာကို ဖွဲ့စည်းပုံအရ သက်ရောက်မှုရှိသော ပြဋ္ဌာန်းချက်အချို့အား ထိန်းသိမ်းထားသည်။ တပ်မတော်အတွက် သီးသန့်သတ်မှတ်ထားသော အမတ်နေရာများနှင့် မဲဆန္ဒနယ်များကို နယ်နိမိတ်ကန့်သတ်ခြင်း ကွာဟချက်တို့ သာမက မဲပေးပိုင်ခွင့်နှင့် ကိုယ်စားလှယ်လောင်းအဖြစ် ရပ်တည်ပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကန့်သတ်မှုများ၊ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာနှင့် လွတ်လပ်ခွင့်တို့နှင့်ပတ်သက်သည့် အရေးကိစ္စများ၊ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အပေါ် ကန့်သတ်မှုများ၊ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ လုံလောက်သော စည်းကမ်းသတ်မှတ်ချက်များ မရှိခြင်းနှင့် UEC ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ခြင်းအတွက် ပြဋ္ဌာန်းချက်များ ကင်းမဲ့ခြင်းတို့လည်း ရှိပါသည်။ ထို့အပြင် နိုင်ငံသားဖြစ်ခွင့်အပေါ် ခွဲခြားဆက်ဆံမှုရှိသော တရားဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အထူးသဖြင့် ရိုဟင်ဂျာကဲ့သို့ အသိအမှတ်ပြုခြင်းမခံရသည့် တိုင်းရင်းသားလူနည်းစုအဖွဲ့ဝင်များ၏ မဲပေးပိုင်ခွင့်ကို ထိရောက်စွာ ရုပ်သိမ်းထားပါသည်။[၆] ဤကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ကာတာစင်တာအနေဖြင့် ယခင်ကလည်း တိုက်တွန်းအကြံပေးပြီးဖြစ်သကဲ့သို့ ဤနေရာဒေသများတွင် ပြောင်းလဲမှုများဆောင်ရွက်ရန် ဆက်လက်၍ တိုက်တွန်းအကြံပေးသွားမည် ဖြစ်ပါသည်။

သို့သော် ဥပဒေမူဘောင်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် အပြုသဘောဘက်ရောက်သည့် ခြေလှမ်းများကိုလည်း လှမ်းချီဆောင်ရွက်ခဲ့ပြီးဖြစ်သကဲ့သို့ ကာတာစင်တာ၏ ယခင်က တိုက်တွန်းအကြံပေးချက်အချို့ကိုလည်း အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ အခြားအရာများအနက် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်တွင် အတည်ပြုပြီးဖြစ်သော ဥပဒေများနှင့် နည်းဥပဒေများကို ပြင်ဆင်ချက်များသည် အငြင်းပွားမှုဖြေရှင်းရေးအတွက် ရွေးကောက်ပွဲစေ့စပ်ညှိနှိုင်းရေးကော်မတီများ (EMCs)၏ အခန်းကဏ္ဍကို တိကျသည့် ပုံစံသတ်မှတ်ပေးပြီး စစ်ဘက်ဆိုင်ရာအရာရှိများနှင့် ၎င်းတို့၏ အတူနေမိသားစုဝင်များအား တပ်ရင်းပြင်ပတွင် ဆန္ဒမဲပေးခိုင်းခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို မသန်စွမ်းသူများ မဲပေးခြင်းတွင် မဖြစ်မနေ ပံ့ပိုးစေခြင်း၊ ရွေးကောက်ပွဲ

---

[၅] အထက်လွှတ်တော်(အအမျိုးသားလွှတ်တော်) ရွေးကောက်ပွဲဥပဒေ၊ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ။ လွှတ်တော်ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်းနှင့်ဆက်စပ်သည့် ပြဋ္ဌာန်းချက်မှအပ အဆိုပါ ဥပဒေသုံးရပ်မှာ ချွတ်စွပ်တူပါသည်။

[၆] ၂၀၁၇ ခုနှစ်တွင် လုံခြုံရေးတပ်ဖွဲ့များ အဓိကစစ်ဆင်ရေးတစ်ခု ဆောင်ရွက်နေစဉ် ရိုဟင်ဂျာ ၇၀၀,၀၀၀ ခန့်မှာ ဘင်္ဂလားဒစ်ရှ်သို့ ရွှေ့ပြောင်းခြင်းခံခဲ့ရသည်။

လှေလှော်သူများအနေဖြင့် မဲရုံများကို ဝင်ထွက်ခွင့်အား အသိအမှတ်ပြုပြီး ပျက်စီးသွားသည့် ဆန္ဒမဲ လက်မှတ်များအတွက်လည်း အစားထိုးလက်မှတ်များ ပံ့ပိုးပေးခြင်းတို့လည်း ပါဝင်သည်။ ထို့အပြင် ၂၀၂၀ ခုနှစ်တွင် လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို ထည့်သွင်းစဉ်းစားခဲ့ပြီး ယင်းအချက်များထဲမှ အချက်အများစုမှာ ဥပဒေမူဘောင်ကို အပြည်ပြည်ဆိုင်ရာ အခြေခံမူများနှင့် ပိုမိုကိုက်ညီအောင် ခေါ်ဆောင်ပေးနိုင်သည့် အချက်များဖြစ်ပါသည်။[၇]

## ရွေးကောက်ပွဲ စီမံခန့်ခွဲရေး

*ဖွဲ့စည်းတည်ဆောက်ပုံ*

ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)က နိုင်ငံတော်အဆင့်၌ စီမံခန့်ခွဲပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခု၊ ပြည်ထောင်စုနယ်မြေ (၁)ခုအနေဖြင့် နေပြည်တော်၊ ခရိုင် (၈၂) ခု၊ မြို့နယ် (၃၃၀)၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၇,၀၆၇) စုတို့တွင် ကော်မရှင်အဖွဲ့ခွဲများက စီမံခန့်ခွဲပါသည်။ မဲရုံများတွင် လူမှုဘဝ ခပ်ခွာခွာနေခြင်းကို COVID – 19 ကြိုတင်ကာကွယ်ရေး အရေးယူဆောင်ရွက်မှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ်သာမက ပိုမိုများပြားလာသော မဲဆန္ဒရှင်ပမာဏကို ဝင်ဆံ့အောင် နေရာချထားပေးနိုင်ဖို့အတွက် ပံ့ပိုးဆောင်ရွက်ပေးရန် ၂၀၁၅ ခုနှစ်ဖြင့်ယှဉ်လျှင် မဲရုံ ၁,၈၀၀ ကျော် ပိုမိုသတ်မှတ်ပြီး ပျမ်းမျှအားဖြင့် မဲရုံ ၄၂,၀၄၇ ရုံကို သတ်မှတ်ပေးခဲ့ပါသည်။

UEC သည် အစိုးရက တာဝန်ခန့်အပ်ထားပြီး လွှတ်တော်မှ တရားဝင်ခွင့်ပြုထားသော အမြဲတမ်းတည်ရှိနေမည့်အဖွဲ့ဖြစ်ပါသည်။ တာဝန်ခန့်အပ်မှုများကို အတည်ပြုနိုင်သော လွှတ်တော်၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မှာ အကန့်အသတ်ဖြင့်သာ ရှိပါသည်။[၈] ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ထားသော တာဝန်ထမ်းဆောင်နိုင်သည့် အနည်းဆုံးလူဦးရေ၊ UEC အဖွဲ့ဝင်ငါးဦးသည် ၂၀၁၆ ခုနှစ်တွင် ရာထူးစတင်လက်ခံကာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင် ၁၀ ဦးကို ထပ်မံခန့်အပ်ခဲ့သည်။ UEC အဖွဲ့ဝင်များကို တာဝန်ခန့်အပ်မည့် အုပ်ချုပ်ရေးအာဏာသည် အပြည်ပြည်ဆိုင်ရာ အခြေခံမူများတွင် လိုအပ်သော သမာသမတ်ကျမှုနှင့် လွတ်လပ်မှုတို့ကို အာမခံသည့် ယန္တရားများကို ပေးစွမ်းထားခြင်း မရှိပါ။[၉]

တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ရှိ ကော်မရှင်အဖွဲ့ခွဲများကို UEC မှ တာဝန်ခွဲဝေခန့်အပ်ပြီး ယင်းတို့တွင် စေတနာ့ဝန်ထမ်းများနှင့် အစိုးရဌာနများတွင် သက်ဆိုင်ရာအဆင့်များ၌ တာဝန်ထမ်းဆောင်နေသော

---

[၇] ပြင်ဆင်ချက်များကို ဥပဒေပြဋ္ဌာန်းသူအများစုက ထောက်ခံခဲ့သော်လည်း လက်ခံကျင့်သုံးရန်အတွက် သတ်မှတ်ချက်ပြည့်မီဖို့ လိုအပ်သည့် လူများစု (၇၅%) ၏ ခွင့်ပြုချက်ကိုမူ မရရှိခဲ့ပါ။

[၈] အခြေခံဥပဒေတွင် ဖော်ပြထားသည်မှာ တာဝန်ခန့်အပ်ခံရသူသည် အခြေခံဥပဒေအရ လိုအပ်သော အရည်အချင်းများနှင့် ပြည့်မီခြင်းမရှိဟု ရှင်းလင်းတိကျစွာ သက်သေမပြသနိုင်သမျှ နိုင်ငံတော်သမ္မတက တာဝန်ခန့်အပ်ခြင်းများကို ငြင်းဆိုပိုင်ခွင့် မရှိပါ။

[၉] ICCPR၏ အထွေထွေမှတ်ချက် ၂၅၊ စာပိုဒ် ၂၀ တွင် ပြဋ္ဌာန်းထားသည်မှာ “ရွေးကောက်ပွဲဖြစ်စဉ်ကို ကြီးကြပ်ရန်နှင့် ရွေးကောက်ပွဲအား မျှတစွာ၊ သမာသမတ်ရှိစွာနှင့် သဘောတူစာချုပ်နှင့် အံဝင်ခွင်ကျဖြစ်သော ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ကျင်းပခြင်းရှိစေရန် မှီခိုမှုကင်းမဲ့သော လွတ်လပ်သည့် ရွေးကောက်ပွဲဆိုင်ရာ အာဏာတစ်ရပ်ကို ထူထောင်သင့်ပါသည်။”

အရပ်သားအစိုးရဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပါသည်။ မဲရုံတာဝန်ကျဝန်ထမ်းကိုမူ သက်ဆိုင်ရာမြို့နယ်၏ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ခန့်အပ်ပါသည်။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့များကို ဖွဲ့စည်းထားပုံနှင့်စပ်လျဉ်း၍ ကျား/မ ခွဲခြားဖော်ပြထားသော ဒေတာအချက်အလက်ကို အများပြည်သူ ကြည့်ရှုနိုင်ခြင်း မရှိပါ။ သို့သော် UEC အဖွဲ့ဝင်များတွင် အမျိုးသမီးများ မပါဝင်သကဲ့သို့ အထွေထွေအတွင်းရေးမှူးဌာန၏ ခေါင်းဆောင်မှုပိုင်းတွင်လည်း အမျိုးသမီးများ မပါဝင်ပါ။ UEC၏ အချက်အလက်အရ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် အမျိုးသမီး ကော်မရှင်အဖွဲ့ဝင် ၂၀ ရာခိုင်နှုန်းကျော်ဖြင့် ဖွဲ့စည်းထားပြီး ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တွင် ၁၅ ရာခိုင်နှုန်းကျော်ဖြင့် ဖွဲ့စည်းထားသည်။ မဲရုံတာဝန်ကျဝန်ထမ်းများကြား၌ စီမံခန့်ခွဲသည့်အဆင့်တွင် အမျိုးသမီးများသည် ကောင်းမွန်သောကိုယ်စားပြုမှုကို ပြသသည်ဟု ထင်ရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ သွားရောက်ခဲ့သော နေရာများ၏ မဲရုံအရာရှိများထဲမှ ၇၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်ကြောင်း ရွေးကောက်ပွဲလေ့လာသူများက မှတ်ချက်ပေးခဲ့ကြပါသည်။

*ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အကြံဥာဏ်များ ရယူခြင်း*

ဥပဒေမူဘောင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အား စည်းကမ်းကြပ်မတ်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ ကျယ်ပြန့်လှသော လိုအပ်သလို လုပ်ဆောင်ပိုင်ခွင့်ကို ပေးအပ်ထားပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဇူလိုင်လ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲကျင်းပရန် ကြေညာချက်မှ အစပြု၍ ရွေးကောက်ပွဲဆိုင်ရာ အမိန့်ကြော်ငြာချက်များနှင့်လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်များ နှင့်လည်းကောင်း စပ်လျဉ်းသည့် နောက်ဆုံးရ သတင်းအချက်အလက်များကို ၈၃ စောင်သော ကြေညာချက်များနှင့် အသိပေးကြေညာချက်များဖြင့် ပြည်သူလူထုထံ ထုတ်ပြန်ခဲ့ပါသည်။ ယခင်က အကြံပြုချက်များတွင် ဖော်ပြ အကြံပြုခဲ့ကြသော ရွေးကောက်ပွဲပြက္ခဒိန် (ရွေးကောက်ပွဲလုပ်ငန်းစဉ် အချိန်စာရင်း)ကိုမူ ထုတ်ပြန်ခဲ့ခြင်း မရှိပါ။ ရလဒ်အနေဖြင့် ရွေးကောက်ပွဲအချိန်စာရင်းနှင့် သက်ဆိုင်သည့် မရေရာမှုများသည် ပတ်သက်ဆက်နွှယ်သူ အားလုံးအတွက် မူဘောင်၏ ပွင့်လင်းမြင်သာမှုနှင့် ကြိုတင်ခန့်မှန်းနိုင်မှုတို့ကို လျော့ပါးနိမ့်ကျစေလျက်ရှိသည်။

ရွေးကောက်ပွဲဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူလူထုထံ တင်ပြရန်သော်လည်းကောင်း၊ ၎င်း၏အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန်ကြေညာရန် သော်လည်းကောင်း မလိုအပ်ပါ။[10] လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ချမှတ်မှုများနှင့် ဆက်သွယ်ရေးမှုတို့တွင် ပွင့်လင်းမြင်သာမှုမရှိခြင်းအပြင် ပတ်သက်

[10] ဗင်းနစ်ကော်မရှင်၏ ရွေးကောက်ပွဲကိစ္စရပ်များဆိုင်ရာ ကောင်းသောကျင့်ဝတ်အလေ့အထများပါ အပိုဒ် ၈၁ တွင် "ဗဟိုရွေးကောက်ပွဲကော်မရှင်၏ အစည်းအဝေးများကို မီဒီယာအပါအဝင် လူတိုင်းတက်ရောက်ခွင့်ရှိသင့်ပါသည်" ဟု ဖော်ပြထားသည်။ UNHRC အထွေထွေမှတ်ချက်အမှတ် ၃၄၏ အပိုဒ် ၁၉ နှင့် ICCPR ပုဒ်မ ၁၉ တွင် "သတင်းအချက်အလက်ရယူခွင့် တရားဝင်ရရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် အများပြည်သူကြည့်ရှုခွင့်ရှိသောဒိုမိန်းတွင် ၎င်းတို့၏ အကျိုးစီးပွားဆိုင်ရာ အစိုးရသတင်းအချက်အလက်များကို ကြိုတင်ဖြည့်သွင်းထားသင့်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် အဆိုပါသတင်းအချက်အလက်များကို လွယ်ကူစွာရယူခွင့်၊ လက်ငင်းရယူခွင့်၊ ထိထိရောက်ရောက်ရယူခွင့်နှင့် လက်တွေ့ရယူခွင့်တို့ ရရှိစေရန် ကြိုးပမ်းသင့်ပါသည်။"

ဆက်နွှယ်သူများ၏ ချိတ်ဆက်ဆောင်ရွက်မှု အလုံအလောက်မရှိခြင်းတို့နှင့် စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများကို ပါဝင်ဆွေးနွေးသူများက ဖော်ပြပြောဆိုခဲ့ကြသည်။ အရေးအကြီးဆုံးမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ နောက်ဆုံးရစာရင်း သို့မဟုတ် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များ၏ နောက်ဆုံးအရေအတွက်တို့အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ အဓိကအချက်အလက်များကို ရွေးကောက်ပွဲနေ့မတိုင်မီထိ ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ခြင်း ဖြစ်သည်။

သို့သော် အခြေခံအကျဆုံးသော အဆင့်တွင် ကော်မရှင်အဖွဲ့ခွဲများကို ပတ်သက်ဆက်နွှယ်သူများ၏ ချိတ်ဆက်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပိုမိုပွင့်လင်းမှုရှိစေရန် အကြောင်းကြားထားပါသည်။ ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များနှင့် နောက်ဆုံးရသတင်းများကို ထုတ်ပြန်ရန်အတွက် အထူးအစည်းအဝေးများ သို့မဟုတ် ပုံမှန်အစည်းအဝေးများကို ကျင်းပခဲ့သည်ဟု လူတွေ့မေးမြန်းထားသော ပါတီကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ၈၀% ကျော်က အစီရင်ခံခဲ့ပါသည်။ ဤသို့ချိတ်ဆက်ဆောင်ရွက်မှုသည် ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်သည့် လုပ်ငန်းများ၏ ပိုင်နိုင်စိတ်ချရမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို တည်ဆောက်ရန် ပံ့ပိုးပေးသည်။ ခြုံငုံကြည့်လျှင် ကော်မရှင်အဖွဲ့ခွဲများသည် ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများထံ ၎င်းတို့နှင့်သက်ဆိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးခဲ့ကြောင်း ပါဝင်ဆွေးနွေးသူ ၆၉% က ဖော်ပြပြောဆိုခဲ့ပါသည်။

*ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများနှင့် ပယ်ဖျက်မှုများ*

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံမှုမရှိသောကြောင့်ဖြစ်စေ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းနိုင်၊ ပယ်ဖျက်နိုင်ပါသည်။[၁၁] အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တည်ရှိသော မြို့နယ်ပေါင်း ၁၅ မြို့နယ်အနှံ့အပြားရှိ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခဲ့ပြီး ၄၁ မြို့နယ်အတွင်း နေရာအချို့ရှိ ရွေးကောက်ပွဲများကို ပယ်ဖျက်ခဲ့ပါသည်။ နိုင်ငံရေးပါတီများနှင့် ပတ်သက်ဆက်နွှယ်သူများစွာက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များကို နားလည်ပေးနိုင်ရန်ခက်ခဲသည်ဟု ဝေဖန်ခဲ့ကြသည်။ လုံခြုံရေးအခြေအနေများကို ဆန်းစစ်ရာ၌ တွေ့ရသော ခြားနားကွာဟချက်များကို ရှင်းပြခြင်း၊ တိုင်းရင်းသားလူနည်းစုများ နေထိုင်ကြသော နယ်မြေများရှိ မဲဆန္ဒရှင်များ၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် အချိုးအစားမမျှတသော သက်ရောက်မှုတို့ကို အလေးပေးဝေဖန်ခဲ့ကြခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ပလက်ဝမြို့နယ်ရှိ ကျေးရွာအုပ်စု ၉၅ စုတွင် ၉၄ စုကို ထပ်ဆောင်းပယ်ဖျက်ကြောင်း ကြေညာခဲ့ပြီး မြို့နယ် ၅ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁ ခုနှင့် ကျေးရွာအုပ်စု ၉ စုတို့ရှိ ရွှေ့ဆိုင်းမှုများကိုလည်း ပြန်လည်ပယ်ဖျက်ခဲ့ပါသည်။ ပယ်ဖျက်မှုများနှင့် ရွှေ့ဆိုင်းမှုများသည် ပြည်ထောင်စုလွှတ်တော်တွင် ၂၂ နေရာ၊ ရခိုင်ပြည်နယ် နှင့်

[၁၁] ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၉၉(င)၊ ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၅၀၊ UEC ဥပဒေ၏ ပုဒ်မ ၁၀(စ)။

ရှမ်းပြည်နယ်တို့ရှိ ပြည်နယ်လွှတ်တော်များတွင် ၃၂ နေရာ (ရခိုင်တွင် နေရာ ၂၀ ၊ ရှမ်းတွင် ၁၂ နေရာ) တို့ကို လစ်လပ် သွားစေခဲ့ပြီး ရခိုင်ပြည်နယ်တစ်ခုတည်းမှ မဲဆန္ဒရှင် ၁ သန်းကျော် အပါအဝင် မဲဆန္ဒရှင်ပေါင်း ၁.၄ သန်းခန့် ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံအဝန်း မဲရုံအရေအတွက် အားဖြင့်လည်း မဲရုံပေါင်း ၄၀,၀၀၀ အောက် လျော့ချခဲ့ပါသည်။

ပယ်ဖျက်မှုများနှင့် ရွှေ့ဆိုင်းမှုများသည် ဆန္ဒမဲပေးခွင့်၊ နိုင်ငံရေးကိုယ်စားပြုမှုနှင့် ရွေးကောက်ပွဲအအခြေအနေများ တန်းတူညီမျှဖြစ်မှုတို့အပေါ် သက်ရောက်မှု ရှိနေသည်။ မဲဆန္ဒနယ်တစ်ခုလုံးရှိ ရွေးကောက်ပွဲကို ရွှေ့ဆိုင်း လိုက်ပါက မဲဆန္ဒနယ်နေရာသည် လစ်လပ်သွားပြီး ကြားဖြတ်ရွေးကောက်ပွဲကို တစ်နှစ်ကျော် ကြာပြီးမှသာ ကျင်းပ နိုင်ပါသည်။ မဲဆန္ဒနယ်များအတွင်း နေရာအချို့ရှိ ဆန္ဒမဲပေးမှုကို ပယ်ဖျက်ခြင်းသည် လွှတ်တော် ကိုယ်စားလှယ်များကို ကျန်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ မဲဆန္ဒရှင်များထံမှ ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့် ဆက်လက်ရှိနေစေသေးသည်။ ထိုဖြစ်ရပ်သည် ရွေးကောက်ပွဲရလဒ်များက အစစ်အမှန် ဖြစ်မဖြစ် သို့မဟုတ် သတိမူမိသော ပြုပြင်ခြယ်လှယ်မှုများ ဖြစ်ကြသည်ဟူသော စိုးရိမ်ပူပန်မှုများကို ဖန်တီးလျက် ရှိသည်။[၁၂]

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်းတွင် ကာတာစင်တာသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲများအား ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များအတွက် ပွင့်လင်းမြင်သာသော စံသတ်မှတ်ချက်များကို ချမှတ်ပေးရန် အကြံပြုထားပါသည်။ ၂၀၁၅ခုနှစ်ရွေးကောက်ပွဲနှင့် အလားတူပင်၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲများအား ရွှေ့ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း တို့နှင့်စပ်လျဉ်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များ၌လည်း ရှင်းလင်းပြတ်သားသော စံသတ်မှတ်ချက်များ မရှိခဲ့ကြောင်း ကာတာစင်တာက မှတ်ချက်ပြုပါသည်။

*မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးခြင်း*

ကိုဗစ်-၁၉ရောဂါဆိုင်ရာ ကျန်းမာရေး လုပ်ထုံးလုပ်နည်းများသည် မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးရာတွင် သက်ရောက်မှုရှိခဲ့သည်။ မဲဆန္ဒရှင်များနှင့် မဲရုံအဖွဲ့ဝင်များအကြား အပြန်အလှန် တုံ့ပြန်ဆက်ဆံမှုနှင့် မဲရုံလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းတို့သည် ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ချက်အပေါ် မဲဆန္ဒရှင်များ၏ ထင်မြင်ယူဆချက်များကို ပုံဖော်ပေးလျက် ရှိသည်။ ကိုဗစ်-၁၉ ကြောင့် သင်တန်းများကို စီစဉ်ဖွင့်လှစ်ရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး မဲရုံများတွင် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း လိုအပ်လာပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထင်ရှားသော ဆန်းသစ်ပြောင်းလဲမှုတစ်ခုမှာ ကော်မရှင်အဖွဲ့ခွဲများအတွက် လမ်းညွှန်စာအုပ်၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ သင်တန်းဗီဒီယိုများနှင့် ကိုယ်တိုင်လေ့လာနိုင်သော အခြားအရင်းအမြစ်များ အပါအဝင် သင်တန်းအထောက်အကူပြုပစ္စည်းမျိုးစုံကို ဖန်တီးပြုလုပ်၍ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲနေ့တွင်

[၁၂] ဥပမာ ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ပြည်သူ့လွှတ်တော်အမတ်နေရာကို ထိုမြို့နယ်ရှိ ရပ်ကွက် ၁၀၂ ခုသော ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအနက်မှ ၈ ခုက ဆုံးဖြတ်ပါလိမ့်မည်။

တာဝန်ထမ်းဆောင်ကြမည့် မဲရုံဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား အွန်လိုင်းမှ သင်တန်းပေးခြင်းကိုသော်လည်းကောင်း၊ လူတွေ့သင်တန်းပေးခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

*မဲဆန္ဒရှင် အသိပညာပေးခြင်း*

အမျိုးသမီးများ၊ လူငယ်များနှင့် ပထမဆုံးအကြိမ် မဲပေးမည့်သူများ အပါအဝင် အဓိကလူမှုဘဝများကို ဦးတည်သော နိုင်ငံအနှံ့ကျင်းပသည့် လူထုအထောက်အကူပြုကမ်ပိန်းတစ်ခုကို ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခဲ့သည်။ ဤထောက်ကူမှုတွင် လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ဂိမ်းကစားစရာဘူးများ၊ ကြော်ငြာဆိုင်းဘုတ်များ၊ လမ်းများထက် ကျင်းပသည့် ဖျော်ဖြေပွဲဆိုင်ရာ လမ်းညွှန်စာအုပ်များ၊ သဏ္ဍာန်တူ မဲပေးလေ့ကျင့်ရာတွင် သုံးသည့် ပစ္စည်းအစုံလိုက်များ၊ အလွယ်တကူဖတ်နိုင်သော ကာတွန်းများ၊ ပညာပေး ဗီဒီယိုဇာတ်လမ်းတွဲများနှင့် တိုက်တွန်းနှိုးဆော်ရေး ဗီဒီယိုဇာတ်လမ်းတွဲများကို ဖြန့်ဝေခြင်းတို့ ပါဝင်သည်။ အဆိုပါပစ္စည်းများကို တိုင်းရင်းသားဘာသာစကား ၂၂ မျိုးနှင့်သာမက မျက်မမြင်လက်စမ်းစာ ၃ မျိုးနှင့်ပါ ထုတ်ဝေထားပါသည်။ ရွေးကောက်ပွဲလေ့လာရေးအတွက် နမူနာအဖြစ် သတ်မှတ်ထားသော မြို့နယ်ပေါင်း ၁၀၈ မြို့နယ် (မြို့နယ်အားလုံး၏ သုံးပုံတစ်ပုံခန့်) မှ ပတ်သက်ဆက်နွှယ်သူများနှင့်ပြုလုပ်ခဲ့သည့် လူတွေ့မေးမြန်းမှုများကို အခြေခံကြည့်လျှင် မြို့နယ်များ၏ ၅၀% ခန့်တွင် မဲဆန္ဒရှင်အသိပညာပေးရေး ဆောင်ရွက်မှုများမှာ နည်းပါးလျက်ရှိပြီး မြို့နယ်၄၀% ကျော်မှာ အသင့်အတင့်သာ ဆောင်ရွက်နိုင်ကာ မြို့နယ် ၁၀% တွင်သာ မဲဆန္ဒရှင်အသိပညာပေးရေး ဆောင်ရွက်မှု များပြားသည်ဟု မစ်ရှင်၏ ရွေးကောက်ပွဲ လေ့လာသူများက အစီရင်ခံခဲ့ကြပါသည်။ ဤကြိုးပမ်းအားထုတ်မှုများအပြင် မဲဆန္ဒရှင်များ၏ မှတ်ပုံတင်ထားမှု အခြေအနေကို စစ်ဆေးနိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်၊ မိုဘိုင်း အပ်ပလီကေးရှင်းများနှင့် မဲဆန္ဒရှင်များထံ လက်လှမ်းမီရောက်ရှိနိုင်မည့် စာတိုပေးပို့မှု အစရှိသည့် အွန်လိုင်းမှ ကြိုးပမ်းအားထုတ်မှုများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရသည်။

## မဲဆန္ဒရှင် အရည်အချင်းနှင့် မှတ်ပုံတင်ခြင်း

အနည်းဆုံး အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားများ၊ ဧည့်နိုင်ငံသားများ၊ နိုင်ငံသားပြုခွင့်ရသူများဖြစ်ပြီး မဲစာရင်းတွင် အမည်ပါဝင်သူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟု ရွေးကောက်ပွဲဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ "စိတ်ပေါ့သွပ်" နေသည်ဟု သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများနှင့် နိုင်ငံခြားသားအဖြစ် ခံယူထားသူများသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။ ဆန္ဒမဲပေးခွင့်နှင့်သက်ဆိုင်သည့် ဤကန့်သတ်ချက်များသည် အားလုံးနှင့်သက်ဆိုင်ပြီး တန်းတူညီမျှသော မဲပေးခွင့်ဆိုင်ရာ အခြေခံမူများနှင့်

အပြည့်အဝ ကိုက်ညီနေခြင်းမရှိပါ။[32] ထို့ပြင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့် ဖျက်သိမ်းခြင်းခံရသည့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားဖူးသူများမှာလည်း ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးနေဆဲဖြစ်သည်။ ၎င်းတို့အနက် အများစုမှာ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာလူမျိုးများဖြစ်သည်။

အခြေခံမဲဆန္ဒရှင်စာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က ပံ့ပိုးပေးသည့် ဒေတာအချက်အလက်များမှ ထုတ်နုတ်ရယူထားပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် အချို့နယ်မြေများကို ချန်လှပ်ထားသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းကို အတည်ပြုရန်အတွက် နှစ်ကြိမ်တိတိ ကပ်ထား ကြေညာခဲ့ပြီး မဲဆန္ဒရှင်များအား ၎င်းတို့၏ အမည်စာရင်းများကို ပြန်လည်ကြည့်ရှုစစ်ဆေး၍ ပြင်ဆင်ခွင့် ပေးခဲ့ပါသည်။ မဲဆန္ဒရှင်များသည် ၎င်းတို့၏ အမည်စာရင်းများနှင့် မဲရုံသတ်မှတ်ထားမှုတို့ကို ဝက်ဘ်ဆိုက်နှင့် မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့်လည်း စစ်ဆေးနိုင်ခဲ့ကြသည်။ မဲဆန္ဒရှင်ပေါင်း ၉ သန်းကျော် (၂၄ ရာခိုင်နှုန်းခန့်) သည် ၎င်းတို့၏ အမည်စာရင်းများကို စစ်ဆေးခဲ့ကြသည်ဟု ဆိုသည်။ အဓိက လျှောက်ထား ခဲ့ကြသည့် ပြင်ဆင်မှုများမှာ အမည်နှင့် နေရပ်လိပ်စာ အပြောင်းအလဲများ၊ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ ကျန်ရစ်ခဲ့သည်တို့ကို ထည့်သွင်းခြင်းနှင့် သေဆုံးပြီး မဲဆန္ဒရှင်များကို ပယ်ဖျက်ခြင်းတို့ ဖြစ်ကြပါသည်။ ပထမအကြိမ် ကပ်ထားကြေညာပြီးသည့်နောက်တွင် မဲဆန္ဒရှင် ၉၅၃,၄၆၆ ဦးကို မဲစာရင်းတွင် ထပ်မံ ထည့်သွင်းခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနေ့မှစ၍ ယနေ့အထိ မဲစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်အရေအတွက်ကို ထုတ်ပြန်ကြေညာခြင်း မရှိသေးပါ။[33]

လူတွေ့မေးမြန်းထားသည့် ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ပါဝင်ဆွေးနွေးသူများမှာ မဲစာရင်း တစ်ခုလုံး၏ မိတ္တူမှန်ကို ရယူရန် လျှောက်ထားခဲ့ကြပြီး ၎င်းတို့အနက် ၅၀% သည် ၎င်းတို့၏ တောင်းဆိုချက်တွင် ခိုင်လုံသော အကြောင်းပြချက်မရှိဟူသော အကြောင်းပြချက် အပါအဝင် အခြားအကြောင်းပြချက်များကြောင့် လက်ခံရရှိခဲ့ခြင်း မရှိခဲ့ပါဟု ဆိုသည်။ ထိုအချိန်တွင် လူတွေ့မေးမြန်းထားသူများအနက်မှ ၇၆%က ၎င်းတို့ ယှဉ်ပြိုင်လျက်ရှိသည့် မဲဆန္ဒနယ်အတွက် ဒစ်ဂျစ်တယ်မိတ္တူတစ်စုံ (digital copy)ကို လက်ခံရရှိခဲ့သည်ဟု

---

[32] UN HRC အထွေထွေမှတ်ချက် ၂၅၊ အပိုဒ် ၁၀ တွင် "[…] ဆန္ဒမဲပေးခွင့်သည် မဲပေးခွင့်အတွက် အနိမ့်ဆုံးအသက်ကန့်သတ်ချက်မျိုး သတ်မှတ်ပေးခြင်းကဲ့သို့သော လက်တွေ့ကျသော ကန့်သတ်ချက်များအပေါ်သာ မူတည်နိုင်ပါသည်" ဟု ဖော်ပြထားပါသည်။ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRPD) ၏ အပိုဒ် ၉၀ အရ ပါဝင်ဖက်နိုင်ငံများသည် "မသန်စွမ်းသူများအား အခြားသူများနည်းတူ နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်ရရှိမှုကို အာမခံပေးရန်" လိုအပ်ပါသည်။ ၂၀၁၃ ခုနှစ်၊ CRPD ကော်မရှင်၏ ကြေညာချက်အမှတ် ၄/၂၀၁၁ (ဟန်ဂေရီ) ၏ အပိုဒ် ၉.၄ တွင် "[…] သီးခြားဆန်းစစ်ချက်အရ ကန့်သတ်ခြင်းအပါအဝင် အမှန်တကယ်ဖြစ်သည့် စိတ်လူမှုပိုင်းဆိုင်ရာ သို့မဟုတ် ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှုအရဖြစ်စေ၊ တွေးဆမိသည့် စိတ်လူမှုပိုင်းဆိုင်ရာ သို့မဟုတ် ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းမှုအရဖြစ်စေ ဆန္ဒမဲပေးခွင့်မှ ချန်လှပ်ထားခြင်းသည် မသန်စွမ်းဖြစ်မှုအပေါ် ခွဲခြားဆက်ဆံခြင်းကို ဖြစ်စေပါသည် […]။"

[33] နိုင်ဝင်ဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သော မဲစာရင်းတွင်ပါဝင်သည့် မဲဆန္ဒရှင်စုစုပေါင်းမှာ ၃၇,၂၆၈,၈၇၆ ဦးဖြစ်ပါသည်။

ဆိုသည်။ လူတွေ့မေးမြန်းထားသည့် ၄၇၉ ဦးသော ပါတီများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များအနက်မှ ၈၀% ကျော်က မဲစာရင်းအရည်အသွေးကို ကောင်းမွန်သည် သို့မဟုတ် ပြည့်စုံသည်ဟု ဖော်ပြခဲ့ကြပါသည်။

သို့သော် သိသာထင်ရှားသော ပမာဏဖြစ်သည့် ကရင်ပြည်နယ်ရှိ နိုင်ငံရေးပါဝင်ဆွေးနွေးသူ ၄၀% နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မှ ၃၃% တို့က မဲစာရင်းအရည်အသွေးကို အားနည်းသည်ဟု အကဲဖြတ်ခဲ့ပါသည်။ CSOs ၆၉% နှင့် မီဒီယာဘက်မှ ပါဝင်ဆွေးနွေးသူ ၆၄% က အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများ၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)၊ တိုင်းရင်းသားများနှင့် ဘာသာရေးအုပ်စုများကဲ့သို့ ထိခိုက်နစ်နာလွယ်သောအုပ်စုများ ချန်လှပ်ကျန်ရစ်နိုင်ခြေရှိမှုကို စိုးရိမ်ကြောင်း ဖော်ပြခဲ့ကြသည်။ ရခိုင်ပြည်နယ်ရှိ ပါဝင်ဆွေးနွေးသူ ၃၈% ကျော်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ပါဝင်ဆွေးနွေးသူ ၅၀% နှင့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ရှိ ပါဝင်ဆွေးနွေးသူ ၆၇% တို့က လုံခြုံရေးအခြေအနေသည် IDP များ၏ မဲစာရင်းစစ်ဆေးနိုင်မှုအပေါ် သက်ရောက်မှုရှိသည်ဟု ဖော်ပြခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ပြုလုပ်ခဲ့သော ဥပဒေပြင်ဆင်မှုများ၌ မဲဆန္ဒရှင်များအတွက် နေထိုင်မှုသတ်မှတ်ချက်ကို ရက်ပေါင်း ၁၈၀ မှ ရက်ပေါင်း ၉၀ အထိ လျှော့ချခဲ့သည်။ ဤအပြောင်းအလဲသည် ရာသီအလိုက် အလုပ်သမားများ၊ ပြည်တော်ပြန် ရွှေ့ပြောင်းလုပ်သားများနှင့် IDP များအတွက် အထူးအရေးကြီးလှသည်။ သို့သော် ရာသီအလိုက် အလုပ်သမားများအနေဖြင့် ၎င်းတို့နေထိုင်ရာ နယ်မြေများရှိ ရွေးကောက်ပွဲရလဒ်များအပေါ် လွှမ်းမိုးနိုင်ခြေရှိမည်ကို တိုင်းရင်းသားအသိုက်အဝန်းများစွာက စိုးရိမ်ပူပန်မှုများ ရှိနေကြကြောင်း ဖော်ပြခဲ့ကြသည်။ ထို့ပြင် ဤစီမံဆောင်ရွက်ချက်များက မဲဆန္ဒရှင်များပါဝင်မှုကို ပံ့ပိုးထောက်ကူပေးခဲ့သော်လည်း စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များကြောင့် (မဲဆန္ဒရှင်၏) မှတ်ပုံတင်ကို လွှဲပြောင်းရန်အတွက် ဆောင်ရွက်ရသည့် အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများမှာ များပြားလွန်းလှသည်ဟု ပါဝင်ဆွေးနွေးသူ အများအပြားက ဖော်ပြခဲ့ကြပါသည်။

## လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းနှင့် မှတ်ပုံတင်ခြင်း

အမည်စာရင်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၇,၀၃၀ ဦးအနက်မှ ၆,၉၆၉ ဦးသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်တင်မြှောက်ခံရန် ကနဦး မှတ်ပုံတင်ထားပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များအနက်မှ ၉၃ % ကျော်က ၎င်းတို့၏ အမည်စာရင်းတင်သွင်းလွှာများမှ အမှားများကို ပြန်လည်ပြင်ဆင်ရန် အခွင့်အရေး ရရှိခဲ့ကြောင်း ဖော်ပြခဲ့ပြီး ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မှတ်ပုံတင်ထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို ကပ်ထားကြေညာခဲ့ကြောင်း ၉၂ % က တင်ပြခဲ့ပြီး ၉၃ % ကမူ ၎င်းတို့၏ အမည်စာရင်းတင်သွင်းလွှာများအား တရားဝင် သတ်မှတ်ကာလအတွင်း စိစစ်ခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

မှတ်ပုံတင်ထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းမှ ကိုယ်စားလှယ်လောင်း ၁,၃၁၇ ဦးခန့်၊ စုစုပေါင်း ၁၉ % ခန့်သည် ပြန်လည်ရုပ်သိမ်းခံခဲ့ရပြီး ကိုယ်စားလှယ်လောင်းလေးဦးမှာ ကွယ်လွန်သွားခဲ့သည်။

ပြန်လည်ရုပ်သိမ်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်းအများစု( ၁,၁၂၉) မှာ အောက်တိုဘာလ ၁၇ ရက်နေ့တွင် UEC က ပယ်ဖျက်ခဲ့သည့် ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) မှ ဖြစ်ပါသည်။[၁၅] ရွေးကောက်ပွဲနေ့တွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီအား ကိုယ်စားပြုနေသော လွှတ်တော်ကိုယ်စားလှယ်လောင်း ၅,၆၃၉ ဦးခန့် ရှိခဲ့ပြီး တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၅၀ ကျော် ရှိပါသည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်းတွင်လည်း ပြန်လည်ရုပ်သိမ်းခံရမှုများ ရှိခဲ့ပြီး ယင်းအခြေအနေသည် ပုဂ္ဂိုလ်တစ်ဦးစီ၏ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အပေါ်တွင် သက်ရောက်သည်သာမက နိုင်ငံရေးပါတီများက ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား အစားထိုး လဲလှယ်ခြင်းကိုလည်း တားဆီးနေပြီး လျှို့ဝှက်ကြိုတင်ဆန္ဒမဲ ပေးပြီးဖြစ်သော မဲဆန္ဒရှင်များ၏ အခွင့်အရေးကိုလည်း ထိခိုက်နိုင်ခြေ ရှိပါသည်။ ဤကဲ့သို့ အချိန်နှောင်းမှပယ်ဖျက်မှုများကြောင့် ရွေးကောက်ပွဲနေ့မတိုင်မီ လျှို့ဝှက်ဆန္ဒမဲ လက်မှတ်များကို ထပ်မံရိုက်နှိပ်နိုင်ခဲ့ခြင်းမရှိဘဲ သို့မဟုတ် ပြင်ဆင်နိုင်ခဲ့ခြင်း မရှိဘဲ ပြောင်းလဲချက်များကို ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် ကြေညာချက်များနှင့် ပိုစတာများမှတစ်ဆင့်သာ မဲဆန္ဒရှင်များအား အသိပေးကြေညာခဲ့ရသည်။ UDP လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ပယ်ဖျက်ခဲ့ကြောင်း မဲဆန္ဒရှင်များအား အသိပေးကြေညာသည့် ဆိုင်းဘုတ်များကို မဲရုံများတွင် ထင်ထင်ရှားရှား ကပ်ထားကြေညာခဲ့သော်လည်း အခြားသော ပယ်ဖျက်ခံ လွှယ်တော်ကိုယ်စားလှယ်လောင်းများနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုမူ လူသိရှင်ကြား ကပ်ထားကြေညာခြင်းမျိုး မတွေ့ရကြောင်း စင်တာမှ လေ့လာသူများက သတိပြုမိခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇ ဦး၏ မိဘများမှာ ၎င်းတို့အား မွေးဖွားချိန်တွင် မြန်မာနိုင်ငံသား ခံယူထားခြင်း မရှိသောကြောင့် ထိုကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း တင်သွင်းမှုများမှာ ပယ်ချ၊ ပယ်ဖျက်ခံခဲ့ရသည်။ ယခင်က နိုင်ငံသားဖြစ်မှုဆိုင်ရာ မှတ်တမ်းမှတ်ရာ အမျိုးအစားများကို ပြောင်းလဲရာတွင် ရှင်းလင်းမှုမရှိခဲ့သောကြောင့် ဝင်ရောက်ရွေးကောက်ခံရန် အရည်အချင်းပြည့်မီမှု ရှိ/မရှိ စိစစ်ဆုံးဖြတ်ရန်အတွက် မိဘများ၏ နိုင်ငံသားဖြစ်မှု အထောက်အထားများက နားလည်ရခက်သော စီမံခန့်ခွဲမှုဆိုင်ရာ အတားအဆီးတစ်ခု ဖြစ်စေခဲ့သည်။ ဤအခက်အခဲများသည် မွတ်ဆလင်ဘာသာဝင်လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တရုတ်မျိုးရိုးမှ ဆင်းသက်လာသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအပေါ်တွင် အချိုးအစား မမျှတစွာ သက်ရောက်ခဲ့ပြီး ရိုဟင်ဂျာလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများအားလုံးကိုလည်း ပယ်ဖျက်မှုများ ဖြစ်စေခဲ့သည်။ ဤဆုံးဖြတ်ချက်အများစုအတွက် အယူခံဝင်ခဲ့ကြသော်လည်း UEC နှင့် ၎င်း၏ ကော်မရှင်အဖွဲ့ခွဲများက ပယ်ချမှုများကို အတည်ပြုခဲ့သည်။ ဤကဲ့သို့ နိုင်ငံသားဖြစ်မှုအပေါ် အခြေခံသော လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ချက်များအား ကျင့်သုံးခြင်းသည် အခြေခံ

[၁၅] UDP ဥက္ကဋ္ဌအား ဝရမ်းပြေးမှုနှင့် ငွေကြေးဆိုင်ရာ မရိုးသားမှု စွပ်စွဲချက်များကြောင့် ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ပါတီပယ်ဖျက်မှု ဖြစ်ပွားခဲ့ကြောင်း UEC က ထုတ်ပြန်ခဲ့သည်။

နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအား အကြောင်းမဲ့ ကန့်သတ်ခြင်းများ ဖြစ်ပေါ်စေကြောင်း ကာတာစင်တာ အနေဖြင့် သတိပြုမိပါသည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်မှုကို အားပေးသည့် ဥပဒေအရသတ်မှတ်ချက်များ သို့မဟုတ် အထူးစီမံဆောင်ရွက်ချက်များကို ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရသည်။ ၂၀၁၀ ခုနှစ်မှစ၍ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်မှု ရာခိုင်နှုန်း မြင့်တက်လာသော်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ၏ ၁၆% မျှသာ ရှိပါသေးသည်။ နိုင်ငံရေးပါတီအများစုက အဆိုပြုတင်သွင်းသည့် အမျိုးသမီးဦးရေမှာ နည်းပါးဆဲဖြစ်သော်လည်း ပါတီအများအပြားသည် ပါတီတွင်း သာတူညီမျှရှိရေး မူဝါဒများကို ချမှတ် အကောင်အထည်ဖော်လျက်ရှိပြီး ပြည်ထောင်စုအောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) အတွက် ၎င်းတို့ အဆိုပြုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ၂၀% မှ ၅၀% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ အနုတ်သဘောဆောင်သော ပုံသေကားကျယူဆချက်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များ၊ ဖွဲ့စည်းပုံဆိုင်ရာ အားနည်းချက်များသည် အမျိုးသမီးများ၏ ပါဝင်မှုကို ထိခိုက်စေသော စိန်ခေါ်မှုများဖြစ်ကြောင်း ပါဝင်ဆွေးနွေးသူများက ထောက်ပြခဲ့ကြပြီး ကုစားမှုအနေဖြင့် အထူးစီမံဆောင်ရွက်ချက်များကို လက်ခံကျင့်သုံးရန် လိုအပ်နေကြောင်း ပါဝင်ဆွေးနွေးသူအချို့က အလေးပေးပြောကြားခဲ့သည်။

*ဒေတာအချက်အလက်လုံခြုံရေးနှင့် အကာအကွယ်ပေးခြင်း*

UEC သည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုးကွယ်ယုံကြည်မှုနှင့်ဆက်နွှယ်နေသော အချက်အလက်များနှင့် တိုင်းရင်းသားဝိသေသလက္ခဏာများ ပါဝင်သော သတင်းအချက်အလက်များကို အက်ပလီကေးရှင်း တစ်ခုမှတစ်ဆင့် အွန်လိုင်းတွင် ထုတ်ပြန်ခဲ့သည်။ ပုံစံတစ်ခုတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများအား ၎င်းတို့၏ ကိုးကွယ်ယုံကြည်မှုနှင့် လူမျိုးတို့အား ဖော်ထုတ်စေရန် လိုအပ်သည့် နည်းဥပဒေများကို နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖော်ပြထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖြစ်စေ၊ ရွေးကောက်ပွဲဥပဒေတွင်ဖြစ်စေ၊ ပြဋ္ဌာန်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်း သတ်မှတ်ချက်များ၌ ဤသတင်းအချက်အလက်များကို ဖော်ပြထားခြင်း မရှိပါ။ အခြားတစ်ဖက်တွင်မူ ဘာသာရေးနှင့် လူမျိုးရေး အသုံးပြုပြီး မဲဆွယ်စည်းရုံးခြင်းကို ရွေးကောက်ပွဲမသမာမှုဟု ရွေးကောက်ပွဲ ဥပဒေများတွင် ပြဋ္ဌာန်းထားသည်။[၁၆] ဤသတင်းအချက်အလက်များအား ထုတ်ပြန်ခြင်းသည် အဆိုပါ မသမာမှုများကို ပိုမို ဖြစ်ပေါ်စေနိုင်စေသည်။ ထို့ပြင် ဤဒေတာအချက်အလက်များကို ကောက်ခံခြင်းနှင့် ထုတ်ပြန်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်လုံခြုံမှု ရရှိပိုင်ခွင့်ကို လေးစားလိုက်နာခြင်းမရှိသကဲ့သို့

[၁၆] ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ ပုဒ်မ ၆၆ ကို ကြည့်ပါ။ (ဠ)

နိုင်ငံသားများ၏ ဒေတာအချက်အလက်များအား ကာကွယ် ထိန်းသိမ်းရေးအတွက် နိုင်ငံတကာစံနှုန်းများတွင် အကြံပြုထားသော ဒေတာအချက်အလက် ကာကွယ်ရေး စီမံဆောင်ရွက်ချက်များကို လိုက်နာခြင်း မရှိပေ။[၁၇]

## နိုင်ငံရေးရပ်ဝန်းနှင့် မဲဆွယ်စည်းရုံးမှု

ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုသည် မဲဆွယ်စည်းရုံးရေး၏ ထင်သာမြင်သာရှိမှုနှင့် အကြိတ်အနယ် ပြိုင်ဆိုင်နိုင်မှုတို့အပေါ်တွင် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်။ UEC သည် ဩဂုတ်လနှောင်းပိုင်းနှင့် စက်တင်ဘာလတို့တွင် ရောဂါကူးစက်မှုနှုန်း တစ်ဟုန်ထိုး မြင့်တက်လာသောကြောင့် မဲဆွယ်စည်းရုံးပွဲများတွင် လူမှုဘဝ ခပ်ခွာခွာနေထိုင်ခြင်းဆိုင်ရာ စီမံဆောင်ရွက်ချက်များနှင့် လူများစွာ စည်းဝေးဟောပြောခြင်းအပေါ် ကန့်သတ်ချက်များကို သတ်မှတ်ခဲ့သည်။ အဆိုပါ သတ်မှတ်ချက်များသည် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် ကျိုးကြောင်းဆီလျော်သော စီမံဆောင်ရွက်ချက်များ ဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ သမားရိုးကျ လူချင်းတွေ့ဆုံ မဲဆွယ်မှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းများအပေါ် ကန့်သတ်မှုများ၊ ၎င်းတို့၏ လှုပ်ရှားမှုများအပေါ် ချုပ်ချယ်မှုများအပြင် ရွေးကောက်ပွဲ လေ့လာသူများနှင့် ဒေသခံမီဒီယာများ၏ အခွင့်အလမ်းများအပေါ်တွင်လည်း ထိန်းချုပ်ဟန့်တားမှုများ ဖြစ်စေပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကွာရန်တင်း လုပ်ထုံးလုပ်နည်းများသာမက မြို့နယ်ပေါင်း ၂၂ % ရှိ နေအိမ်တွင် နေထိုင်ရေးအမိန့်များ ကွဲပြားခြားနားနေခြင်းသည် ဤစိန်ခေါ်မှုများအား ပိုမိုဆိုးရွားစေခဲ့သည်။ ကိုဗစ် - ၁၉ ရောဂါကြောင့် ရွေးကောက်ပွဲအား ရွှေ့ဆိုင်းပေးပါရန် အတိုက်အခံပါတီအမြောက်အများက မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် ဆက်လက်တောင်းဆိုနေခဲ့ကြသည်။

ဒေသအချို့မှ ဒေသခံများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ကိုဗစ် - ၁၉ ရောဂါဘေး ကြောက်ရွံ့သောကြောင့် အချို့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ရွာထဲသို့ ဝင်ရောက်ခွင့်မပေးကြောင်း ကာတာစင်တာ ကာလရှည်ရွေးကောက်ပွဲလေ့လာသူများအနေဖြင့် သိရှိခဲ့ရသည်။ သို့သော်လည်း ထိုကဲ့သို့ လုပ်ဆောင်ချက်များ သည် အချို့သော အခြေအနေများတွင် နိုင်ငံအရေးအရ တက်ကြွမှုများကိုလည်း ဖြစ်စေခဲ့ကြောင်း ရွေးကောက်ပွဲကိုယ်စားလှယ်များက ဖော်ပြခဲ့ကြသည်။ ရခိုင်ပြည်နယ်တွင် လုံခြုံမှုမရှိခြင်း၊ လော့ခ်ဒေါင်းချ ကန့်သတ်ခြင်းနှင့် အင်တာနက် အကန့်အသတ် ရှိမှုများကြောင့် မဲဆွယ်စည်းရုံးမှုများ အလွန်နည်းခဲ့သည်။

ဤကဲ့သို့ ကန့်သတ်ချက်များ ရှိသော်လည်း ပါတီများသည် နည်းလမ်းအမျိုးမျိုး အသုံးပြုကာ မဲဆန္ဒရှင်များထံ အများအားဖြင့် လက်လှမ်းမီဆက်သွယ်နိုင်ခဲ့သည်။ ရက် ၆၀ ကြာ မဲဆွယ်စည်းရုံးရေးတွင် အဓိကအားဖြင့် လူအနည်းငယ်ဖြင့် စည်းဝေးဟောပြောခြင်းနှင့် စည်းဝေးပွဲများ ပြုလုပ်ခဲ့သည်သာမက မော်တော်ယာဉ်တန်း များဖြင့် မဲဆွယ်စည်းရုံးခြင်း၊ အသံချဲ့စက်များဖြင့် မဲဆွယ်စည်းရုံးခြင်း၊ အိမ်တိုင်ရာရောက် မဲဆွယ်ခြင်း၊ ကြော်ငြာဘုတ်များ၊ လက်ကမ်းစာစောင်များနှင့် ပါတီတံဆိပ်ပါ ပစ္စည်းများဖြင့် မဲဆန္ဒရှင်များသို့ မဲဆွယ်

[၁၇] ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့၊ ဒစ်ဂျစ်တယ်ခေတ်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်လုံခြုံမှုရရှိပိုင်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၇၃ ၁၇၉ /www.un.org/en/ga/search/view_doc.asp?symbol=A/RES/73/179.

စည်းရုံးခဲ့ကြသည်။ အချို့သည် ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်၍ လူများစွာဖြင့် စီတန်းလှည့်လည်ခြင်းများ ပြုလုပ်ကြောင်းလည်း သတင်းရရှိခဲ့သည်။ အချို့ဖြစ်ရပ်များတွင် ဒေသန္တရအာဏာပိုင်များနှင့် ရဲများက စည်းကမ်းချက်များ ပြဋ္ဌာန်းခဲ့သော်လည်း ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့မှ ပါဝင်ဆွေးနွေးသူအနည်းငယ်က NLD နှင့် USDP ပါတီနှစ်ခုလုံး၏ မဲဆွယ်စည်းရုံးရေး အခမ်းအနားများအပေါ် အာဏာပိုင်များက သက်ညှာမှုရှိကြောင်း စွပ်စွဲပြောဆိုမှုများနှင့်စပ်လျဉ်း၍ ဖွင့်ဟပြောကြားခဲ့ပြီး အချို့ကမူ မည်သည့်အစိုးရဌာနက အရေးယူဆောင်ရွက်ရန် တာဝန်ရှိသည်ဆိုသောအချက်မှာမရှင်းလင်းကြောင်း ထောက်ပြခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားများတွင် ၎င်းတို့၏ မဲဆွယ်စည်းရုံးရေး အစီအစဉ်များကို တင်ပြရန်အတွက် အခမဲ့ထုတ်လွှင့်ချိန် ၁၅မိနစ်စီ ရရှိကြသည်။ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆိုပါအခွင့်အလမ်းများသည် ပိုမိုအရေးပါလာပြီး ပါတီများအတွက် ပြည်သူလူထုထံ ၎င်းတို့၏ သတင်းစကားများ ပြောကြားရန် အခွင့်အလမ်းများ ရရှိစေခဲ့သည်။ သို့သော်လည်း script များကို ကြိုတင် တင်ပြရန် လိုအပ်ခြင်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ပါတီအချို့၏ သတင်းစကား များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆင်ဆာဖြတ်ခြင်းကို ဝေဖန်ရှုတ်ချခဲ့ကြသည်။ နိုင်ငံရေးပါတီ ၁၀ ခုခန့်သည် UEC ၏ လုပ်ဆောင်ချက်များမှာ ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် လွန်ကဲစွာ အာဏာသုံး၍ လွှမ်းမိုးခြင်းဖြစ်သည်ဟု ယူဆကြသောကြောင့် ကန့်ကွက်သည့်အနေဖြင့် ၎င်းတို့၏ ထုတ်လွှင့်ခွင့်ကို စွန့်လွှတ်ခဲ့ကြသည်။ UEC က သတ်မှတ်ခဲ့သော ပြောင်းလဲမှုအများစုသည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာဝတ္တရားများအား လေးစားလိုက်နာခဲ့ခြင်း မရှိပေ။[၁၈]

တွေ့ဆုံမေးမြန်းခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ နိုင်ငံရေးပါတီများနှင့် လွှတ်တော ကိုယ်စားလှယ် လောင်း ၇၀ % က လွှတ်တော်ကိုယ်စားလှယ်လောင်းများ အားလုံးသည် တန်းတူညီမျှသော အခြေအနေဖြင့် မဲဆွယ်စည်းရုံးခွင့် ရရှိခဲ့ကြောင်း ပြောကြားခဲ့ပြီး ၆၂.၅ % သည် ၎င်းတို့အနေဖြင့် လွတ်လပ်စွာ မဲဆွယ်စည်းရုံးနိုင်ခဲ့ကြောင်း တင်ပြခဲ့သည်။ မဲဆွယ်စည်းရုံးရေး အခြေအနေများ တန်းတူညီမျှမှုမရှိဟု ဖြေကြား ခဲ့သူများအကြား အဓိကစိုးရိမ်ပူပန်မှုမှာ လက်ရှိအာဏာရပါတီသည် နေရာများ အသုံးပြုခွင့် လျှောက်ထားရာတွင် များစွာအရေးသာနေခဲ့ခြင်း ဖြစ်သည်။ UEC အနေဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အများပြည်သူစုဝေးတွေ့ဆုံရာနေရာများအသုံးပြုခွင့်ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကြောင့်သာ ငြင်းပယ်မှု အနည်းငယ်ရှိခဲ့ကြောင်း သိရှိရသည်။ သို့သော် အချို့သော

---

[၁၈] ICCPR အပိုဒ် ။ ပါတီခေါင်းဆောင်များ ပြောကြားခဲ့သော စကားအမြောက်အများအား ကိုးကားခဲ့သော မီဒီယာ ထုတ်ပြန်ချက်များ(၁၉) ဖြတ်တောက်ခံခဲ့ရသည်။ ဥပမာအားဖြင့် ဒေသတွင်း စွန့်ဦးတည်ထွင်သူများသည် ဘဏ်အတိုးနှုန်းများ မြင့်မားမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်“ ယှဉ်ပြိုင်ရာတွင် အခက်အခဲများ ရင်ဆိုင်နေရသည်။ ကျွန်ုပ်တို့သည် အခွန်ဘဏ္ဍာကောက်ခံရာတွင် အခွန်ဝန်ထုပ်ဝန်ပိုးများကို တားဆီးရန်နှင့် ရိုးရှင်း၍ မျှတသော အခွန်ဘဏ္ဍာစနစ်ကို ဖန်တီးရန်အတွက် အခွန်ကောက်ခံမှုအခြေခံစနစ်ကို ကျယ်ပြန့်အောင် လုပ်ဆောင်မည် ဟူသော ပြည်သူ့ပါတီ၏ ” ပြောကြားချက်ကို ဖြတ်တောက်စေခဲ့သည်။ လွတ်လပ်တဲ့အာရှအသံ၊ ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၃၀၊ www.rfa.org/english/news/myanmar/party-censorship-09302020201609.html

ဖြစ်ရပ်များတွင် ခွင့်ပြုချက်ရရှိရေးအတွက် များပြားလွန်းလှသော လုပ်ငန်းစဉ်များ ရှိကြောင်း သိရှိရပြီး ကိုဗစ် - ၁၉ ရောဂါ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသော မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ရခြင်းကြောင့် ကုန်ကျစရိတ်များ အလွန် တိုးမြင့်လာကြောင်းလည်း ပါတီအချို့က ပြောကြားခဲ့သည်။

မဲဆွယ်စည်းရုံးရေး နောက်ဆုံးနေ့များတွင် တပ်မတော်နှင့် နိုင်ငံတော်သမ္မတရုံးတို့အကြား UEC ၏ လုပ်ဆောင်နိုင်စွမ်း၊ ပွင့်လင်းမြင်သာမှုတို့နှင့်စပ်လျဉ်း၍ လူသိရှင်ကြား အပြန်အလှန်အငြင်းပွားမှုများ အရှိန်မြင့်တက်လာခဲ့သည်။ ကြိုတင်မဲများ စီစဉ်ကောက်ခံမှု၊ စီမံခန့်ခွဲမှုအခြေအနေများကြောင့် ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းဆိုင်ရာ အစောပိုင်းကြေညာချက်များကို အကြောင်းပြု၍ ကနဦးကာလတွင် ဖြစ်ပွားခဲ့သည့် အပြန်အလှန်အငြင်းပွားခဲ့မှုများမှာ ပြန်လည်ပြင်းထန်လာခဲ့သည်။ တပ်မတော်သည် ရွေးကောက်ပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ UEC ၏ မှားယွင်းမှုများကို စွပ်စွဲပြောဆိုခဲ့ပြီး UEC ၏ ဘက်မလိုက်မှုကို မေးခွန်းထုတ်ခဲ့ကာ ရွေးကောက်ပွဲများ ယုံကြည်စိတ်ချရမှု ရှိစေရန်အတွက် အစိုးရတွင် လုံးဝဥဿုံ တာဝန်ရှိကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတရုံးသည် စွပ်စွဲမှုများကို ပြန်လည် ချေပရန်အတွက် ရှည်လျားသည့် ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တပ်မတော်ကလည်း ပြန်လည်တုံ့ပြန်ခဲ့သည်။ ရွေးကောက်ပွဲဖြစ်စဉ်တွင် တပ်မတော်၏ ကြားဝင်စွက်ဖက်မှုအပေါ် အပြန်အလှန် အငြင်းပွားမှုများလည်း ပေါ်ပေါက်ခဲ့သည်။

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး

ရွေးကောက်ပွဲဆိုင်ရာပတ်ဝန်းကျင်သည် ပဋိပက္ခနယ်မြေများမှအပ ယေဘုယျအားဖြင့် တည်ငြိမ်၊ ငြိမ်းချမ်းသည်ဟု ပါဝင်ဆွေးနွေးသူများက တင်ပြခဲ့ကြသည်။ သို့သော် အချို့နေရာများတွင် NLD နှင့် USDP ထောက်ခံသူများ အကြား အကြမ်းဖက်မှုများနှင့် ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး အသက်ဆုံးရှုံးစေသော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပွားခဲ့သည်။ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖောက်ခွဲရေးပစ္စည်းများ အသုံးပြု ဖောက်ခွဲခဲ့သည့် ဖြစ်ရပ်နှစ်ခု ဖြစ်ပွားခဲ့ပြီး ပတ်သက်ဆက်နွှယ်သူများက ရွေးကောက်ပွဲ ခြိမ်းခြောက်မှုပြုလုပ်ရန် ကြိုးပမ်းခဲ့မှုဟု ယူဆခဲ့ကြသည်။ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်များအား လက်သရမ်းဖျက်ဆီးခြင်းနှင့် ဖြိုချဖျက်ဆီးခြင်းများ ပြုလုပ်သော ဖြစ်ရပ်များ ရှိခဲ့သော်လည်း ကျယ်ကျယ်ပြန့်ပြန့် မရှိသကဲ့သို့ ပါတီတစ်ခုခုကို ဦးတည်၍ ဖျက်ဆီးခြင်းမျိုးလည်း မဟုတ်ပေ။

ရွေးကောက်ပွဲလုံခြုံရေးကော်မတီများ (ESCs) ကို ပြည်နယ်နှင့် တိုင်းဒေသကြီးတိုင်းရှိ မြို့နယ်များ အားလုံးတွင် ဖွဲ့စည်းခဲ့သည်။ သို့သော် ပတ်သက်ဆက်နွှယ်သူအချို့က ESC များသည် မဲဆွယ်စည်းရုံးပွဲများ တစ်လျှောက်တွင် လုံခြုံသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်အတွက် တက်တက်ကြွကြွ တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဟု ဆိုခဲ့ပြီး ထိုသို့ဖြစ်ရခြင်းမှာ UEC၊ နိုင်ငံရေးပါတီများ၊ ရဲများနှင့် ESC များအကြား ဆက်သွယ်လုပ်ဆောင်မှုများ

လုံလုံလောက်လောက် မရှိခြင်းကြောင့်ဟု ၎င်းတို့က မှတ်ယူခဲ့ကြသည်။[၁၉] တိုင်းရင်းသားနိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ မြို့နယ်အချို့တွင် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ဒေသန္တရနယ်ခြားစောင့်တပ်ဖွဲ့များ သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များက ခြိမ်းခြောက်မှုများ၊ ကြားဝင်စွက်ဖက်မှုများနှင့် အထူးမဲဆွယ်စည်းရုံးရေး စည်းကမ်းများ ပြဋ္ဌာန်းခဲ့ကြောင်း သတင်းရရှိသည်။[၂၀] ရခိုင်ပြည်နယ်တွင် အောက်တိုဘာလ ၁၄ ရက်နေ့၌ NLD လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးသည် ရက္ခိုင်တပ်မတော်၏ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရသည်။ ခြုံငုံပြောရလျှင် နိုင်ငံရေးပါတီများမှ ပါဝင်ဆွေးနွေးသူ ၁၉ % သည် ၎င်းတို့၏ မဲဆွယ်စည်းရုံးရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် ကြားဝင်စွက်ဖက်မှုများ ကြုံတွေ့ခဲ့ရကြောင်း ပြောကြားခဲ့သည်။

### လူမှုမီဒီယာ

ကာတာစင်တာသည် ယခုရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၌ လူသုံးအများဆုံး လူမှုမီဒီယာ ပလက်ဖောင်းဖြစ်သည့် ဖေ့စ်ဘုတ်ကို အဓိကထား၍ လူမှုမီဒီယာ၏ သက်ရောက်မှုကို စူးစမ်းလေ့လာလျက် ရှိသည်။ ၂၀၁၅ ခုနှစ်မှ စတင်ကာ အသုံးပြုသူအရေအတွက် သိသိသာသာတိုးတက်လာမှု (၃၅၀ ရာခိုင်နှုန်း) ကြောင့် ရွေးကောက်ပွဲကြို ကာလအတွင်း အကောင့်တုများ အသုံးပြုမှု၊ သတင်းအချက်အလက်မှားများ၊ လုပ်ကြံသတင်းများ၊ အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်နိုင်ခြေ မြင့်တက်စေသည့် စကားများ စသည့် အလွဲသုံးစားပြုနိုင်ခြေများနှင့် စပ်လျဉ်းသည့် စိုးရိမ်မှုများကို မြင့်တက်လာစေခဲ့သည်။

နိုင်ငံရေးပါတီအများစုနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အများအပြားသည် ၎င်းတို့၏ မဲဆန္ဒနယ်များသို့ လက်လှမ်းမီရောက်ရှိနိုင်ရန်အတွက် ဖေ့စ်ဘုတ်ကို ပုံမှန် အသုံးပြုခဲ့ကြသည်။[၂၁] လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ အများပြည်သူ ကြည့်ရှုနိုင်သည့် စာမျက်နှာများ သို့မဟုတ် ပရိုဖိုင်များပေါ်တွင် အပျက်သဘောဆောင်သော ပြောဆိုရေးသားချက်များ အသုံးပြုခြင်း သို့မဟုတ် ပြိုင်ဘက်များကို တိုက်ခိုက်ခြင်းတို့မှ ရှောင်ရှားလေ့ရှိကြသည်။ အပျက်သဘောဆောင်သော အကြောင်းအရာများကို ပါတီများ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသောသော ဖေ့စ်ဘုတ်အုပ်စုများ

---


[၁၉] နယူးမြန်မာဖောင်ဒေးရှင်း၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲ အငြင်းပွားမှု၊ ပဋိပက္ခများနှင့် လုံခြုံရေးအခြေအနေများအပေါ် အကြံပြုချက်များ ကို ကြည့်ပါ။ www.mizzima.com/article/nmf-survey-finds-electoral-security-support-weak တွင်လည်း ကြည့်ပါ။ နိုဝင်ဘာလ ၈ ) (ရက်နေ့တွင် ယူခဲ့သည်

[၂၀] ဥပမာအားဖြင့် တအောင်းအမျိုးသားပါတီ(TNG) သည် မိုင်းကိုင်မြို့နယ်အပါအဝင် အချို့သောနေရာများတွင် ၎င်းတို့၏ မဲဆွယ်စည်းရုံးပွဲများအပေါ် ရှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA – South) ၏ နှောင့်ယှက်မှုနှင့် ကန့်သတ်မှုများ ရှိခဲ့ကြောင်း သတင်းပေးပို့ခဲ့သည်။ TNG သည် ကွတ်ခိုင်မြို့နယ် (ရှမ်းပြည်နယ်မြောက်ပိုင်း)တွင် မဲဆွယ်စည်းရုံးခြင်းကို တားမြစ်ရန် ကြိုးပမ်းမှုများကိုလည်း ကြုံတွေ့ခဲ့ရပြီး လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျောက်မဲမြို့နယ်အနီးတွင် ကန့်သတ်ချက်များ ရှိခဲ့ကြောင်း သတင်းပေးပို့ခဲ့သည်။ သီးခြားဖြစ်ရပ်တစ်ခုမှာ ကွတ်ခိုင်နှင့် မူဆယ်မြို့ရှိ ပြည်သူ့စစ်အဖွဲ့ဝင်များမှ မဲဆန္ဒရှင်များအား မည်သို့မည်ပုံမဲပေးရမည်ဟု အမိန့်ပေးခြင်း နှင့် ဆန္ဒမဲပေးမှုကို နှောင့်ယှက်ရန် ခြိမ်းခြောက်မှုများ ပြုသည်ဟု စွပ်စွဲခံရသည်။ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်က အုပ်ချုပ်သော မိုင်းဆတ်မြို့ရှိ ကျေးရွာအုပ်စု လေးခုတွင် ကန့်သတ်ချက်များရှိကြောင်း ပါတီလေးခုက သတင်းပေးပို့ခဲ့သည်။

[၂၁] ကာတာစင်တာ၏ သုံးသပ်ဆန်းစစ်ချက်အရ ပါတီများ၏ ၇၈ ရာခိုင်နှုန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၇ ရာခိုင်နှုန်းတွင် ရွေးကောက်ပွဲကာလအတွင်း တစ်နည်းနည်းဖြင့် ဖေ့စ်ဘုတ်အကောင့်များရှိကြသည်။

နှင့် စာမျက်နှာများတွင် တွေ့ရလေ့ရှိသည်။ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အကောင့်များ၏ လှုပ်ရှားမှုများသည် တရားဝင်မဲဆွယ်စည်းရုံးရေးကာလ စတင်သည်နှင့်တစ်ပြိုင်နက် လျင်မြန်စွာ မြင့်တက်လာခဲ့ပြီး မဲဆွယ်စည်းရုံးရပ်နားကာလတိုင်အောင် အရှိန်အဟုန်မြင့်မားစွာ ဆက်လက် လုပ်ဆောင်ခဲ့ကြသည်။ ကာတာစင်တာ၏ ဆန်းစစ်လေ့လာချက်အရ ဖေ့စ်ဘုတ်ပေါ်ရှိ ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုသည် ဤမဲဆွယ်စည်းရုံးရေးကာလအတွင်းတွင် ၂၀၁၅ ခုနှစ်ထက်ပို၍ မြင့်တက်ခဲ့သည်ဟု သိရှိရသည်။ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) က ပြုလုပ်ထားသော စစ်တမ်းအရ သမားရိုးကျမီဒီယာများနှင့် အဖွဲ့အစည်းများသည် အတိုင်းအတာတစ်ခုအထိ ရှိသော ပြည်သူများစွာအတွက် အဓိကသတင်းရင်းမြစ်အဖြစ် ရပ်တည်နေဆဲဖြစ်သည်။[၂၂]

ရုပ်ပုံ ၁။ နိုင်ငံရေးပါတီ ၂၀ ၏ ဖေ့စ်ဘုတ်စာမျက်နှာများပေါ်မှ ပို့စ်များနှင့် တုံ့ပြန်မှုများ[၂၃]




ဩဂုတ်လ ၁ ရက်နေ့မှ နိုဝင်ဘာလ ၈ ရက်နေ့အထိ ကာတာစင်တာ၏ လူမှုမီဒီယာစောင့်ကြည့်ရေးက အသုံးပြုသူဦးရေ သန်းချီရှိနေသည့် ဖေ့စ်ဘုတ်ပေါ်တွင် မျှဝေနေကြသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ကြံသတင်း ဖြစ်ရပ်များ (တမင်တကာဖန်တီးခြင်း၊ လှည့်ဖျားခြင်း သို့မဟုတ် အတည်ပြုထားခြင်းမရှိသော စောဒက ပြောဆိုချက်များ) ကို သတ်မှတ်ဖော်ထုတ်ခဲ့သည်။[၂၄] လုပ်ကြံသတင်းများ ပါဝင်သည့် ပို့စ်များသည် နိုင်ငံရေးပါတီတစ်ခုခုကိုသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို သော်လည်းကောင်း (အဓိကဖြင့် NLD သို့မဟုတ် USDP လွှတ်တော်ကိုယ်စားလှယ်လောင်းများ) တိုက်ခိုက်တတ်လေ့ရှိပြီး

---

[၂၂] www.pacemyanmar.org/pre-election-2020/?fbclid=IwAR3xUjG5QHBDiGl4rMWEsl1Y7NNemf1xMN51XAqFS0pp-D3xW-m-xfteBo တွင်ကြည့်ပါ။

[၂၃] အချက်အလက်ရင်းမြစ် - CrowdTangle - ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့နှင့် နိုဝင်ဘာလ ၇ ရက်နေ့အတွင်း တုံ့ပြန်ဆောင်ရွက်ချက်အမြင့်ဆုံး နိုင်ငံရေးပါတီစာမျက်နှာ ၂၀ အတွက် (နိုဝင်ဘာ ၇ ရက်နေ့အထိ အချက်အလက်)
[၂၄] လုပ်ကြံသတင်းအချက်အလက်ကို တမင်ရည်ရွယ်၍ ပြုလုပ်ထားသည့် မှားယွင်းသော၊ အထင်အမြင်မှားစေသော သို့မဟုတ် အတည်ပြုမထားသော အဆိုများဟု အဓိပ္ပါယ်သတ်မှတ်သည်။

တိုင်းရင်းသားလူနည်းစုများ သို့မဟုတ် ဘာသာရေးလူနည်းစုများကို ဦးတည်သော အမုန်းစကားများ ပါဝင်တတ်ကာ တစ်ခါတစ်ရံတွင် လျင်မြန်စွာ ပျံ့နှံ့သွားလေ့ရှိသည် (ပရိသတ်အများအပြားထံသို့ လျင်မြန်စွာ ပျံ့နှံ့ရောက်ရှိသွားသည်)။ ရံဖန်ရံခါတွင် အဆိုပါ သတင်းအချက်အလက်များကို ရွေးကောက်ပွဲ လုပ်ကြံသတင်းများနှင့် အမုန်းစကား ဖြန့်ဝေရန် ချိတ်ဆက်လှုပ်ရှား ဆောင်ရွက်နေခဲ့သည့် သို့မဟုတ် ချိတ်ဆက်လှုပ်ရှားဆောင်ရွက်နေပုံပေါ်သည့် အကောင့်များက တင်ခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဦးတည်သော နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် မုန်းတီးမှုများ ဖြစ်ပေါ်စေသော အကြောင်းအရာများကိုလည်း မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် တွေ့ရှိခဲ့ရသည်။ အချို့ဖြစ်ရပ်များတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လိင်အခြေပြုဖိနှိပ်မှုများနှင့် အခြားရိုင်းစိုင်းသော စကားအသုံးအနှုန်းများ ပါဝင်သည့် ပို့စ်များဖြင့် တိုက်ခိုက်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော လိင်စိတ်ခံယူမှုကွဲပြားသူဟု တရားဝင်ထုတ်ဖော်ပြောကြားထားသည့် လွှတ်တော်ကိုယ်စားလှယ် လောင်းသည်လည်း အွန်လိုင်းပေါ်တွင် နှောင့်ယှက်တိုက်ခိုက်ခြင်းများကို ရင်ဆိုင်ခဲ့ရသည်။ မဲဆွယ်စည်းရုံးရေး ကာလ နောက်ဆုံးပတ်တွင် လေ့လာသူများသည် ဖြစ်နိုင်ခြေရှိသော ပြဿနာများအပေါ် စိုးရိမ်မှုများကို ပျံ့နှံ့စေသည့် ကြိုတင်မဲပေးခြင်းအကြောင်းပို့စ် အများအပြားတွင်လည်းကောင်း၊ ကြိုတင်မဲပေးခြင်း ဖြစ်စဉ်နှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးတို့အပေါ် အများယုံကြည်လက်ခံမှုကို လျော့ပါးစေရန် ရည်ရွယ်သည့် လုပ်ကြံသတင်းများ ပါဝင်သော ပို့စ်အချို့တွင်လည်းကောင်း ပို့စ်အရေအတွက်မြင့်တက်လာမှုကို တွေ့ရှိခဲ့ကြသည်။

ဥပဒေမူဘောင်တွင် အွန်လိုင်းမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို ထိန်းချုပ်ကွပ်ကဲသည်ဟု ဖွင့်ဆို သတ်မှတ်နိုင်သော ပြဋ္ဌာန်းချက်များစွာ ရှိသော်လည်း သီးသန့်ပြဋ္ဌာန်းချက်ဟူ၍ မရှိပါ။ အနည်းဆုံး ဥပမာနစ်ခုဖြင့် ပြရလျှင် ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများသည် ဖေ့စ်ဘုတ်ပေါ်မှ လုပ်ကြံသတင်းများကို မျှဝေခြင်းကို ဥပဒေကြောင်းအရ အရေးယူနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။[၂၅] နိုင်ငံရေးပါတီ ၆၅ ခုက မိမိတို့သဘောဆန္ဒအလျောက် လက်မှတ်ရေးထိုးခဲ့သော လိုက်နာရန်ကျင့်ဝတ်တွင် ပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အွန်လိုင်းလှုပ်ရှားမှုများကိုလည်း ထည့်သွင်းဖော်ပြထားခဲ့သည်။ နိုင်ဝင်ဘာလ ၃ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးရပ်နားကာလ ပြဋ္ဌာန်းချက်များသည် အွန်လိုင်းမီဒီယာနှင့် လူမှုကွန်ရက်များအတွက်ပါ သက်ဆိုင်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

---

[၂၅] နိုဝင်ဘာလ ၄ ရက်နေ့တွင် UEC က ဖေ့စ်ဘုတ်ပေါ်တွင် လုပ်ကြံသတင်းများ မျှဝေခြင်းသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အပိုဒ် ၅၈(ဃ) ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။ www.gnlm.com.mm/announcement-about-spreading-election-disinformation/ တွင် ကြည့်ပါ (နိုဝင်ဘာလ ၅ ရက်နေ့တွင် အချက်အလက်ရယူသည်)။ အောက်တိုဘာလ ၃၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲက မြို့နယ်အဆင့် ရွေးကောက်ပွဲအရာရှိတစ်ဦးအကြောင်း လုပ်ကြံသတင်းများ ပါဝင်သည့် ပို့စ်များကို မျှဝေနေသူများအား တရားဥပဒေအရ အရေးယူမည့်အကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်ကို ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုထားသော ဖေ့စ်ဘုတ်စာမျက်နှာတွင် တင်ခဲ့သည်။ www.facebook.com/111092773953507/posts/172507301145387/ တွင် ကြည့်ပါ (နိုဝင်ဘာလ ၅ ရက်နေ့တွင် အချက်အလက်ရယူသည်)။

### အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲလေ့လာရေး

အပြုသဘောဆောင်ရှုထောင့်မှကြည့်လျှင် ၂၀၂၀ ပြည့်နှစ်တွင် ပြင်ဆင်ချက်များအရ ရွေးကောက်ပွဲလေ့လာသူများသည် ရွေးကောက်ပွဲဖြစ်စဉ်ကို တရားဝင်လေ့လာနိုင်ခွင့် ရရှိကြသည်။ သို့သော်လည်း ရွေးကောက်ပွဲအကြိုကာလတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ထုံးလုပ်နည်းများစွာ ပြောင်းလဲမှုကြောင့် နိုင်ငံသားရွေးကောက်ပွဲလေ့လာသူများအနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်၏ အဓိကကဏ္ဍများကို လေ့လာခွင့်နှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရနိုင်ရေးတို့အတွက် စိုးရိမ်ရမှုများ မြင့်တက်ခဲ့သည်။ ပြောင်းလဲမှုများတွင် အကာအကွယ်ရယူနိုင်မှုနှင့် ဘေးကင်းလုံခြုံရေး အာမခံချက်များအား ပယ်ဖျက်ခြင်း၊ မဲလက်မှတ်များ ပုံနှိပ်ခြင်းနှင့် ရွေးကောက်ပွဲ အငြင်းပွားမှုများ ဖြေရှင်းခြင်းတို့ကို လေ့လာခွင့်အား ရုပ်သိမ်းခြင်း၊ နိုင်ငံသားရွေးကောက်ပွဲလေ့လာသူများအနေဖြင့် ရွေးကောက်ပွဲလေ့လာနိုင်ရန်အတွက် ကော်မရှင်အဖွဲ့ခွဲများထံတွင် ကြိုတင်စာရင်းသွင်းရာတွင် လိုအပ်ချက်ရှိလာခြင်းတို့ပါဝင်သည်။

နိုင်ငံတကာရန်ပုံငွေများ လက်ခံရရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပေါ် ချမှတ်လိုက်သည့် အသိအမှတ်ပြုလွှာ လျှောက်ထားခြင်းအတွက် ထပ်ဆောင်းလိုအပ်ချက်များသည် PACE နှင့် အခြား အဖွဲ့အစည်းများအတွက် အသိအမှတ်ပြုလွှာ လျှောက်ထားခြင်းနှင့် လေ့လာရေးလုပ်ဆောင်ချက်များ စတင်ခြင်းတို့ကို နှောင့်နှေးစေခဲ့သည်။ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများနှင့် သံတမန် လေ့လာသူများ အနေဖြင့် ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်မည့် အစီအစဉ်အတိအကျကို ထုတ်ဖော်ပြောကြားရန် လိုအပ်သည် ဟူသော အချက်က ရွေးကောက်ပွဲလေ့လာသူများ၏ လုပ်ငန်းအပေါ် မမျှတသော ကန့်သတ်ချက်များ ဖြစ်စေပြီး လွတ်လပ်သော ရွေးကောက်ပွဲလေ့လာရေးက ညွှန်ပြနိုင်မည့် ပွင့်လင်းမြင်သာမှုကို လျော့ပါးစေသည်။

UEC သည် အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၂ ခုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက် နှစ်ခုတို့မှ ပြည်တွင်းရွေးကောက်ပွဲလေ့လာသူ ၈,၄၁၆ ဦးနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်နှစ်ခု (the Asian Network for Free Elections (ANFREL) နှင့် ကာတာစင်တာ)မှ ရွေးကောက်ပွဲလေ့လာသူ ၁၃၇ ဦးတို့ကိုလည်းကောင်း၊ ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲကျွမ်းကျင်ပညာရှင်များအဖွဲ့၊ သံအဖွဲ့များနှင့် ဝန်ဆောင်မှုပံ့ပိုးသူများထံမှ တရားဝင်အသိအမှတ်ပြုပေးခဲ့သည်။

ကာတာစင်တာသည် အရပ်ဘက်လူမှုအဖွဲ့အစည်း ၃၂ ခုမှ ပါဝင်ဆွေးနွေးသူ ၁၇၆ ဦးနှင့် ဆွေးနွေးပြောဆိုခဲ့ပြီး ၎င်းတို့အနက် ၈၃ %က ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များသည် ၎င်းတို့၏ လှုပ်ရှားမှုများနှင့် လုပ်ငန်းစဉ်အား လက်လှမ်းမီလေ့လာနိုင်မှုအပေါ် သက်ရောက်မှုရှိကြောင်း ဖော်ပြခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ အများစုသည် မဲဆန္ဒရှင်စာရင်း ဖြည့်စွက်၊ နုတ်ပယ်၊ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်းဖြစ်စဉ်ကို လေ့လာခဲ့ကြောင်း၊ မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း လှုပ်ရှားမှုများတွင် ချိတ်ဆက်ပါဝင်ခဲ့ကြောင်းနှင့် မဲဆွယ်စည်းရုံးရေးကို ဆက်လက်လေ့လာခဲ့ကြောင်း သတင်းပေးပို့ခဲ့ကြသည်။

## ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်း

ဥပဒေအရ UEC သည် ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်ကိစ္စရပ်များအားလုံးအတွက် တိုင်ကြားမှုများနှင့် အယူခံဝင်မှုများကို စစ်ဆေးဆုံးဖြတ်နိုင်သည့် ကျယ်ပြန့်သော လုပ်ပိုင်ခွင့်များ ရှိသည်။ ထိရောက်မှုရှိသော ကုစားပေးမှုရပိုင်ခွင့်အား အာမခံပေးသည့် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် မတူညီသည်မှာ UEC ၏ ဆုံးဖြတ်ချက်များသာ နောက်ဆုံးအတည်ဖြစ်ပြီး တရားရေးဘက်မှ ပြန်လည်သုံးသပ်မည်မဟုတ်ပါ။[၂၆]

မဲဆွယ်စည်းရုံးရေးအကြမ်းဖက်မှုအသေးအဖွဲများနှင့် နိုင်ငံရေးပါတီ ကျင့်ဝတ်ဖောက်ဖျက်မှုများအပေါ် စွပ်စွဲချက်များကို UEC က ဖွဲ့စည်းပေးထားသည့် ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးကော်မတီများက ဖြေရှင်း ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံရေးပါတီကျင့်ဝတ်ကို လက်မှတ်ရေးထိုးခဲ့သည့် ပါတီ ၆၅ ခု၏ မဲဆွယ်စည်းရုံးရေး အမူအကျင့်များကို ပါဝင်လက်မှတ်ရေးထိုးသူများကော်မတီက မိမိကိုယ်ကို စည်းကမ်းထိန်းသိမ်းရေး ထပ်ဆောင်းယန္တရားတစ်ခုအဖြစ် လေ့လာခဲ့သည်။ ဆုံးဖြတ်ချက်များသည် စည်းနှောင်ထားခြင်း မဟုတ်သော်လည်း ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ယန္တရားနှစ်ခုလုံးသည် တင်းမာမှုများ လျှော့ချခြင်း၊ သဘောတူညီချက်တည်ဆောက်ခြင်း၊ လက်ခံနိုင်ဖွယ်မရှိသော အပြုအမူအသေးအဖွဲများနှင့် စွပ်စွဲတိုင်ကြားခြင်းပြဿနာ အသေးအဖွဲများကို ဖြေရှင်းရာတွင် ထိရောက်မှုရှိသည်ကို တွေ့ရှိခဲ့ကြသည်။[၂၇] စွပ်စွဲခံထားရသော သို့မဟုတ် သက်သေခိုင်လုံသော ပြစ်မှုကျူးလွန်သူများအား တိုင်ကြားချက်ပါ အပြုအမူကို ထပ်မံမပြုလုပ်ရန် ပြောဆိုခဲ့သည်။

UEC က တိုင်ကြားမှုများကို အမှုဖွင့်ရန်အတွက် ပုံစံများပါဝင်သော ရွေးကောက်ပွဲအငြင်းပွားမှု လမ်းညွှန်စာအုပ်ကို ထုတ်ဝေပေးခဲ့ပြီး တိုင်ကြားမှုများနှင့် အယူခံဝင်မှုများအတွက် လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်း၊ နိုင်ငံရေးပါတီများနှင့်အတူ အငြင်းပွားမှုဖြေရှင်းရေးကို ဆွေးနွေးခဲ့သည်။ သို့သော်လည်း UEC သည် ပြည်ထောင်စုအဆင့်နှင့် အောက်ခြေအဆင့်များတွင် အမှုဖွင့်ထားသည့်

---

[၂၆] UDHR က “လူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေအရ ၎င်းအား ခံစားခွင့်ပြုထားသည့် မူလအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရလျှင် ထိုသူသည် စီရင်ပိုင်ခွင့်ရှိသော နိုင်ငံတော်ခုံရုံးများ၏ ထိရောက်သော ကုစားပေးမှုကို ရပိုင်ခွင့်ရှိစေရမည်” (အပိုဒ် ၈) နှင့် "လူတိုင်းသည် ၎င်း၏ အခွင့်အရေးနှင့် တာဝန်ရှိမှုများကို အဆုံးအဖြတ်ခံရာတွင် ... လွတ်လပ်၍ ဘက်လိုက်မှုမရှိသော တရားရုံးတစ်ရပ်က အများပြည်သူ ရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို တန်းတူရည်တူအပြည့်အဝ ရပိုင်ခွင့်ရှိသည်” (အပိုဒ် ၁၀) တို့ကို ကြေညာခဲ့သည်။ ICCPR အပိုဒ် ၂ တွင် “... အခွင့်အရေးများချိုးဖောက်ခံရသူအတွက် ထိရောက်သော ကူညီမှုများပေးခြင်းနှင့် ... တို့ကို ဆောင်ရွက်ရမည်။” ဟု ဖော်ပြထားသည်။ ICCPR ၏ အပိုဒ် ၁၄.၁ တွင် “... လူတိုင်းသည် စွမ်းရည်ရှိပြီး လွတ်လပ်သော၊ ဘက်မလိုက်သော ဥပဒေအရ တည်ထောင်ထားသော ခုံရုံးတွင် အများပြည်သူတို့ တရားကြားနာစစ်ဆေးခံရန် အခွင့်အရေးရထိုက်သည်” ဟု ဖော်ပြထားသည်။

[၂၇] အနည်းဆုံး အငြင်းပွားမှု ၄၃ ခုကို EMCs များက စေ့စပ်ညှိနှိုင်းပေးခဲ့ပြီး အဓိကအားဖြင့် မဲဆွယ်စည်းရုံးရေး အခမ်းအနားများတွင် နှောင့်ယှက်ခြင်း (၄၉ %)၊ တရားမဝင်မဲဆွယ်စည်းရုံးခြင်း (၂၀ %)၊ လွန်ကဲစွာ အာဏာသုံးလွှမ်းမိုးမှု၊ အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှု (၁၁ %) နှင့် အမုန်းစကား (၇ %) တို့ကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

တိုင်ကြားမှုအရေအတွက်နှင့် သဘောသဘာဝတို့ကိုသော်လည်းကောင်း၊ ၎င်းတို့ကို ဖြေရှင်းခဲ့သည့် အားထုတ်လုပ်ဆောင်မှုများကိုသော်လည်းကောင်း ထုတ်ဖော်ပြောဆိုခြင်း မရှိပါ။ ၎င်းက ဖြစ်စဉ်၏ ပွင့်လင်းမြင်သာမှု လျော့ကျစေသည်။

UEC က ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲခုံရုံးများနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလ တိုင်ကြားချက်များအတွက် ဥပဒေအရ ကြာမြင့်သော အချိန်အတိုင်းအတာကို ရလဒ်များကြေညာပြီးသည့် နေ့မှစ၍ ၄၅ ရက်ဟု သတ်မှတ်ပေးထားသည်။ တိုင်ကြားချက်များကို ကြားနာသုံးသပ်ရာတွင် ပြီးဆုံးရန် သတ်မှတ်ထားသည့် အချိန်ကာလ မရှိပါ။ ရွေးကောက်ပွဲနှောင်းပိုင်းကာလ တိုင်ကြားချက်များနှင့် အယူခံဝင်မှုများအား အမှုဖွင့်ခြင်းနှင့် စပ်လျဉ်းသော ကုန်ကျစရိတ်များမှာ အလွန်များပြားပါသည်။[၂၈]

## ကြိုတင်မဲပေးခြင်း

ရွေးကောက်ပွဲဥပဒေသည် နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်း (OCV)၊ မဲဆန္ဒနယ်ပြင်ပနှင့် မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးခြင်းတို့ကို ခွင့်ပြုထားသည်။ နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်း (OCV) ကို စက်တင်ဘာလ ၂၄ ရက်နှင့် အောက်တိုဘာလ ၂၇ ရက်များအတွင်း၌ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၄၅ ရုံးတွင် ပြုလုပ်ခဲ့သည်။ နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်း (OCV) အတွက် မှတ်ပုံတင်ထားသည့် နိုင်ငံသား ၁၀၀,၀၀၀ ကျော်ရှိပြီး ၂၀၁၅ ခုနှစ်ထက် ၃၀၀ ရာခိုင်နှုန်း တိုးတက်လာကာ မဲလာပေးခဲ့သူ ၇၀ ရာခိုင်နှုန်းခန့် ရှိခဲ့သည်။

ကျောင်းသား/သူများ၊ အချုပ်ကျနေသူများ၊ ဆေးရုံတက်ရောက်နေသူ အတွင်းလူနာများ၊ တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအတွက် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းကို အောက်တိုဘာလ ၈ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း ပြုလုပ်ခဲ့သည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများက လုပ်ဆောင်သည့် ၎င်းစီမံဆောင်ရွက်ချက်မှာ ပွင့်လင်းမြင်သာမှုမရှိသေးသည်ကို တွေ့နေရပါသေးသည်။ ၂၀၁၅ ခုနှစ်ကဲ့သို့ပင် အထူးသဖြင့် တပ်မတော်သားများအတွက် ဤလုပ်ငန်းစဉ်တွင် ဆန္ဒမဲများ၏ လျှို့ဝှက်မှုနှင့် ဖြောင့်မတ်မှန်ကန်မှုရှိစေရေး ဆောင်ရွက်နိုင်ရန် အကာအကွယ်ပေးမှုများ မရှိပါ။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် နည်းဥပဒေများ ပြင်ဆင်ချက်အရ ဖြစ်နိုင်ခြေရှိသော အကြိမ်ကြိမ်မဲပေးခြင်းကို ကာကွယ်တားဆီးရန်အလို့ငှာ ရွေးကောက်ပွဲနေ့ မဲပေးခြင်းအတွက် အဆိုပါမဲဆန္ဒရှင်များကို မဲစာရင်းတွင် အမှတ်အသားပြုခဲ့သည်။ ကိုဗစ်-၁၉ ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် မိမိတို့၏ အမြဲတမ်းနေရပ်များသို့ မပြန်နိုင်သူများသည် အောက်တိုဘာလ ၂၅ ရက်နှင့် နိုဝင်ဘာလ ၇ ရက်တို့တွင် ယာယီနေရပ်များ၌ မဲပေးခဲ့ကြသည်။

[၂၈] UEC တွင် ကန့်ကွက်လွှာအမှုတစ်ခုကို အမှုဖွင့်ရန် ၅၀၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၃၈၀) ကုန်ကျပြီး ရွေးကောက်ပွဲခုံရုံး ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ၃၀၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၃၀) ကုန်ကျသည်။ ကန့်ကွက်သူအား တန်ပြန်ကန့်ကွက်လိုသည့် ကန့်ကွက်ခံရသူများသည်လည်း ၅၀၀,၀၀၀ ကျပ် ပေးဆောင်ကြရသည်။

မဲဆန္ဒနယ်တွင်း မဲဆန္ဒရှင်များသည် ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခွင့် ရရှိခဲ့ကြသည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် အသက် ၆၀ နှင့် အထက်ရှိသော သက်ကြီးရွယ်အိုများ၊ နေအိမ်တွင်နေထိုင်ရန် သတ်မှတ်ထားသော မြို့နယ်များတွင် နေထိုင်သူများ သို့မဟုတ် လူဦးရေ အဆမတန်ထူထပ်သောနေရာတို့တွင် နေထိုင်သူများအား နေအိမ်တွင် မဲပေးခွင့်ကို UEC က ထပ်မံတိုးချဲ့ပေးခဲ့သည်။ နေအိမ်မှနေ၍ မဲပေးခြင်းကို အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ နိုဝင်ဘာလ ၅ ရက်နေ့အတွင်း ဆောင်ရွက်ခဲ့သည်။

အားလုံးပါဝင်မှုကို လွယ်ကူချောမောစေရန် ကူညီလုပ်ဆောင်သည့် စီမံဆောင်ရွက်ချက် ဖြစ်သော်လည်း အချို့သော ပတ်သက်ဆက်နွှယ်သူများက ဆန္ဒမဲများ၏ လျှို့ဝှက်မှုနှင့် ဖြောင့်မတ်မှန်ကန်မှုရှိစေရေးအတွက် မဲပေးရာတွင် အကူအညီပေးခြင်းအပါအဝင် နေအိမ်မှနေ၍ မဲပေးခြင်းအတွက် လုပ်ထုံးလုပ်နည်းများသည် ပိုမိုကောင်းမွန်သော ကာကွယ်မှုများ လိုအပ်နေကြောင်း ဝေဖန်ပြောဆိုခဲ့ကြသည်။ စိုးရိမ်မှုများတွင် မရှင်းလင်းသော သို့မဟုတ် တစ်သမတ်တည်းမဟုတ်သော လုပ်ထုံးလုပ်နည်းများ၊ ပွင့်လင်းမြင်သာမှု အားနည်းခြင်းနှင့် ဖျက်ရန်မလွယ်သောမင် မရှိခြင်းတို့အပြင် လျှို့ဝှက်စာအိတ်များ အရည်အသွေးနိမ့်ခြင်းတို့ ပါဝင်သည်။ UEC ကမူ အချို့သော စိုးရိမ်မှုများကို မမှန်ကန်ဟုသတ်မှတ်ကာ ပယ်ချခဲ့သည်။ သို့သော်လည်း အကြိမ်ကြိမ်မဲပေးခြင်းနှင့် မဲစာရွက်များပေါ်တွင် တံဆိပ်တုံးအတု အသုံးပြုခြင်းများအပါအဝင် ဖြစ်ရပ်များစွာကို လက်ခံ၍ အရေးယူဆောင်ရွက်ခဲ့သည်။ စီမံခန့်ခွဲရေးဆိုင်ရာ အမှားအယွင်းများနှင့် အရည်အသွေးနိမ့် ပစ္စည်းများသည် ကြိုတင်မဲများ၏ ခိုင်လုံမှုအပေါ် သက်ရောက်မှုမရှိဟုလည်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များကို စာရင်းသွင်းခြင်း**

*မဲဆွယ်စည်းရုံးရပ်နားကာလ*

မဲဆွယ်စည်းရုံးရပ်နားကာလသည် နိုဝင်ဘာလ ၆ ရက်နေ့ ညသန်းခေါင်ယံအချိန်မှစတင်ပြီး ရွေးကောက်ပွဲနေ့ တိုင်အောင်ဆက်၍ အသက်ဝင်ပါသည်။ မဲဆွယ်စည်းရုံးရပ်နားကာလတွင် လူမှုမီဒီယာပေါ်၌ မဲဆွယ်စည်းရုံးခြင်းများကို ရပ်တံ့ရန်လိုအပ်သည်သာမက အများပြည်သူကြည့်ရှုနိုင်ရန် ကြေညာထားသော မဲဆွယ်စည်းရုံးရေးဆိုင်ရာပစ္စည်းများကို ပြန်လည်သိမ်းဆည်းရန်လည်း လိုအပ်ပါသည်။ မစ်ရှင်အနေဖြင့် မဲဆွယ်စည်းရုံးရပ်နားကာလကို လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများမှ နေရာတိုင်းလိုလို နီးပါးတွင် လေ့လာခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ကာတာစင်တာ၏ လူမှုမီဒီယာပေါ်တွင် စောင့်ကြည့်လေ့လာသည့်အဖွဲ့သည် ပါတီနှစ်ခုနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀ ဦးတို့မှ စီမံခန့်ခွဲသော Facebook စာမျက်နှာများတွင် ဥပဒေချိုးဖောက်မှုများကို ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။

*ရွေးကောက်ပွဲနေ့*

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပုံမှန်လုပ်ငန်းစဉ်မှ သွေဖည်သည့် ကြီးကြီးမားမား ဖြစ်ရပ်မျိုးကို တိုင်ကြားခြင်း မျိုးမရှိဘဲ ရွေးကောက်ပွဲနေ့ကို အေးဆေးစွာ ကျင်းပသွားနိုင်ခဲ့ပါသည်။ ကာတာစင်တာ၏ ရွေးကောက်ပွဲ

လေ့လာသူများကို ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုထဲမှ ၁၀ ခုသို့ တာဝန်ခန့်အပ်စေလွှတ်ခဲ့သည် (ရခိုင်၊ ကယား၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှအပ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး)။ နိုဝင်ဘာလ ၉ ရက်နေ့ ညနေခင်းအချိန်ထိမူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အနေဖြင့် ဆန္ဒမဲပေးသူ အရေအတွက် အပြီးသတ်ကို ကြေညာထားခြင်း မရှိပါ။

ရွေးကောက်ပွဲလေ့လာသူများသည် မဲရုံ ၁၉ ရုံ ဖွင့်လှစ်ခြင်းကို သွားရောက်လေ့လာခဲ့ပါသည်။ အဆိုပါ မဲရုံအားလုံးသည် နံနက် ၆ နာရီ ၁၅ မိနစ်ထက် နောက်ကျခြင်းမရှိဘဲ ဖွင့်လှစ်ခဲ့ကြပါသည်။ မဲရုံအားလုံးနီးနီးတွင် အယောက် ၃၀ မှ အယောက် ၁၀၀ ကြားရှိ ဆန္ဒမဲပေးသူများ တန်းစီပြီး စောင့်နေခဲ့ပါသည်။ ခြုံငုံပြောရလျှင် သွားရောက်လေ့လာခဲ့သော မဲရုံတိုင်းတွင် မဲရုံဖွင့်သည့်လုပ်ငန်းစဉ်များကို စစ်ဆေးအကဲဖြတ်မှုရလဒ်မှာ ကောင်းမွန်ပါသည်။ မဲပုံးအလွတ်များဖြစ်ကြောင်း မပြခြင်းနှင့် မဲပုံးတွင်ကပ်ထားသော ချိတ်တံဆိပ်နံပါတ်တို့ကို အသံထွက်ဖတ်ပြမှုမရှိခြင်းကဲ့သို့သော ခြွင်းချက်အချို့မှအပ သွားရောက်လေ့လာခဲ့သော မဲရုံများတွင် ချမှတ်ထားသော လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ကြပါသည်။

မစ်ရှင်၏ရွေးကောက်ပွဲလေ့လာသူများသည် မဲရုံ ၂၃၄ ရုံကို သွားရောက်ခဲ့ပါသည်။ ဆန္ဒမဲပေးသူများသည် တန်းစီ၍စောင့်ရသည့်နေရာတွင် ပျမ်းမျှ မိနစ် ၃၀ကြာ စောင့်ရပြီး အစီအစဉ်တကျ ဆက်သွားပြီး ၎င်းတို့၏ ဆန္ဒမဲများကိုပေးရန် ကိုးမိနစ်ကြာ အချိန်ယူရသည်ဟု ရွေးကောက်ပွဲလေ့လာသူများက ခန့်မှန်းခဲ့ကြသည်။ မဲရုံများကို ဝင်ရောက်ခွင့်နှင့်ပတ်သက်၍ ပြဿနာအခက်အခဲ ရင်ဆိုင်ရခြင်းမျိုး နည်းပါးသကဲ့သို့ သွားရောက်လေ့လာခဲ့သော မဲရုံများ၏ ၉၈ % သောမဲရုံများတွင် မဲရုံကိုယ်စားလှယ်များရှိနေခဲ့ပြီး ၃၁ % သောမဲရုံများတွင် မြန်မာနိုင်ငံသားရွေးကောက်ပွဲလေ့လာသူများ (ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများ) ရှိနေခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ COVID – 19 ကာကွယ်ထိန်းချုပ်ရေး အရေးယူဆောင်ရွက်ချက်များ၊ အထူးသဖြင့် နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေခြင်းကို မဲရုံများ၏အတွင်းပိုင်းတွင် လိုက်နာဆောင်ရွက်ကြသော်လည်း အချို့သောနေရာများတွင် အခြေခံအဆောက်အအုံများ၏ အခြေအနေကြောင့် အဆိုပါအချက်အား လိုက်နာရန် အခက်အခဲများရှိသည်ကို တွေ့ရပါသည်။ မဲရုံအပြင်ဘက်၌ စီတန်း စောင့်နေကြသော လူတန်းများတွင် မဲဆန္ဒရှင်များသည် နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေရမည့် ဆောင်ရွက်မှုများကို အမြဲတစေ လိုက်နာခြင်း မရှိပေ။ မဲရုံအားလုံးနီးပါးတွင် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ ရှိပါသည်။

အခြေအနေအရပ်ရပ်တိုင်းတွင် မဲစာရင်းများကို မဲရုံအပြင်ဘက်တွင် ကပ်ထားကြေညာထားပါသည်။ အခြေအနေတစ်ရပ်တွင် မဲဆန္ဒရှင် ၈၂ ဦးသည် မဲစာရင်းတွင် ပါဝင်ခြင်းမရှိသော်လည်း အများစုမှာ မဲဆန္ဒရှင်သက်သေခံကတ်ပြားများ သို့မဟုတ် မှတ်ပုံတင်ကတ်များကို ပြသပြီးနောက် မဲပေးခွင့်ရကြပါသည်။[၂၉]

---

[၂၉] မဲရုံများတွင် မဲဆန္ဒရှင်များသည် မဲစာရင်းလေးခုတွင် (လွှတ်တော်ရွေးကောက်ပွဲတစ်ခုစီအလိုက်) မှတ်တမ်းတင်ထားသည်။ဤမဲဆန္ဒရှင်များသည် လွှတ်တော်ရွေးကောက်ပွဲတစ်ခု၏ မဲစာရင်းတွင် ပါရှိသောကြောင့် မဲပေးခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မီဒီယာများမှလည်း မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနေရာ ယှဉ်ပြိုင်ခြင်းများအတွက် မဲစာရင်းများတွင် အချို့မဲဆန္ဒရှင်များ၏ အမည်များ ပါဝင်မှုမရှိကြောင်းကို သတင်းပို့ကြပါသည်။ လေ့လာခဲ့သော မဲရုံများ၏ ၉၂% နီးပါးတွင် ကြိုတင်မဲပေးထားသော မဲဆန္ဒရှင်များ၏ အမည်များကို မဲစာရင်းတွင် မင်အနီရောင်ဖြင့် မျဉ်းသားထားသည်ဟု မစ်ရှင်ရွေးကောက်ပွဲလေ့လာသူများက မှတ်ချက်ပေးခဲ့ပါသည်။ သွားရောက်လေ့လာခဲ့သော မဲရုံ ၈၂ % နီးပါး၏ အပြင်ဘက်တွင် ကြိုတင်မဲပေးသူများ၏ အမည်များပါဝင်သည့် ပုံစံ ၁၃ ကို ကပ်ထားကြေညာထားပါသည်။[၃၀]

ရွေးကောက်ပွဲအခြေအနေနှင့် ဆန္ဒမဲပေးမှုဆိုင်ရာ လုပ်ဆောင်ပုံများကို လေ့လာခဲ့သော မဲရုံ ၂၃၄ ရုံ၏ ၅၄ % တွင် အလွန်ကောင်းမွန်ပါသည်၊ အဆိုပါ မဲရုံများထဲမှ ၄၁ % တွင် လက်သင့်ခံနိုင်ပါသည်ဟူသော စစ်ဆေးအကဲဖြတ်ချက် ရလဒ်များ ထွက်ခဲ့ပါသည်။ မစ်ရှင်ရွေးကောက်ပွဲလေ့လာသူများသည် ဖြစ်စဉ်တစ်ခုလုံးမှာ လုပ်ဆောင်ရန် အဆင့်များအား အစွမ်းကုန်လိုက်နာခြင်းဖြင့် အဆင်ပြေချောမောပြီး ပွင့်လင်းထင်သာမြင်သာဖြစ်သည်ဟု သတ်မှတ်ဖော်ပြခဲ့သည်။ သို့သော် မဲရုံများ၏အပြင်အဆင်မှာ စည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့် ပြဿနာအချို့ကို ရွေးကောက်ပွဲလေ့လာသူများက မြင်တွေ့ခဲ့ရသည်။ ဤသည်မှာ တစ်ခါတစ်ရံ၌ COVID – 19 ကာကွယ်ထိန်းချုပ်ရေး အရေးယူဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် ပြဿနာများကို ဖြစ်ပေါ်စေနိုင်ပြီး (ဖြစ်ရပ် ၃၈ ခု)၊ အခြားသောအချိန်များတွင် မဲရုံ၏အပြင်အဆင်သည် မဲဆန္ဒရှင်များ၏ စီတန်းမှုကို ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်မှု မရှိခြင်း (ဖြစ်ရပ် ၂၅ ခု)နှင့် အခြားနေရာများတွင် အကျိုးဖြစ်ထွန်းပြီး စနစ်တကျဖြစ်သော လုပ်ငန်းစဉ်ဖြစ်စေရန်အတွက် မဲရုံများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းအရေအတွက် မလုံလောက်ခြင်းမျိုးလည်း ရှိသည် (ဖြစ်ရပ် ၁၁ ခု)။ ဖြစ်ရပ်အခု ၃၀ တွင် မဲဆန္ဒရှင်များအနေဖြင့် လုပ်ဆောင်ရန်အဆင့်များအပေါ် နားလည်မှုမှာ လုံလောက်မှုမရှိဟု စစ်ဆေးအကဲဖြတ်ခဲ့သည်။ ယင်းဖြစ်ရပ်က မဲဆန္ဒရှင်အသိပညာပေးခြင်း မရှိကြောင်းကို ထောက်ပြနေပါသည်။

လေ့လာခဲ့သော မဲရုံများထဲမှ ၉၆ % သောမဲရုံများတွင် မဲရုံဝန်ထမ်းများသည် မဲပေးခြင်းနှင့်သက်ဆိုင်သည့် လုပ်ဆောင်ရန်အဆင့်များအပေါ် အလွန် သို့မဟုတ် အထိုက်အလျောက် နားလည်ပြီး အကောင်အထည် ဖော်နိုင်ကြောင်း ပြသခဲ့ပါသည်။ ကာတာစင်တာ၏ ရွေးကောက်ပွဲလေ့လာသူများသည် မဲရုံ ၂၃ ရုံ၌ မဲဆန္ဒရှင်များအား ၎င်းတို့၏ လက်တွင် မင်စွန်းရာ ပါ၊ မပါကို အမြဲတမ်း စစ်ဆေးခြင်းမရှိကြောင်း အစီရင်ခံခဲ့သည်။ ဖြစ်ရပ် ၁၂ ခုတွင် မဲဆန္ဒရှင်များသည် မှတ်ပုံတင်ကတ်ပြား သို့မဟုတ် မဲဆန္ဒရှင်သက်သေခံ ကတ်ပြားများ မသယ်ဆောင်လာသည့်အတွက် မဲပေးခွင့်မပေးဘဲ ပြန်လှည့်ခိုင်းသည်ကို တွေ့ရသည်။ ခြွင်းချက်အနည်းငယ်မှအပ မဲစာရင်းများနှင့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများတွင် လက်မှတ်ထိုးခြင်းကဲ့သို့သော လုပ်ဆောင်ရန်အဆင့်များကို လုပ်ငန်းစဉ်အတိုင်း လိုက်နာမှုရှိကြပါသည်။ မဲဆန္ဒရှင်များသည် မတော်တဆ ထိခိုက်ပျက်စီးသွားသော

---

[၃၀] သွားရောက်လေ့လာခဲ့သော မဲရုံ ၁၈.၄ % တွင် ပုံစံ ၁၃ ကို ကပ်ထားပြသထားခြင်းမရှိပါ၊ ကြိုတင်မဲပေးသူများ၏ အမည်များကို အဓိကမဲစာရင်း (ပုံစံ ၁) တွင် မျဉ်းသားထားခြင်း မရှိပါ။

ဆန္ဒမဲလက်မှတ်များကို အစားထိုးပေးရန် တောင်းဆိုသော ဖြစ်ရပ်ခုနစ်ရပ်လုံးတွင် ၎င်းတို့အား ဆန္ဒမဲလက်မှတ်အသစ်များကို အစားထိုး၍ ပေးခဲ့ပါသည်။ ဆန္ဒမဲလက်မှတ်များကို လျှို့ဝှက်မှုရှိစွာ ထည့်ခြင်းနှင့်ပတ်သက်၍ မဲရုံခြောက်ရုံတွင် ပြဿနာများရှိကြောင်း ရွေးကောက်ပွဲလေ့လာသူများမှ မှတ်ချက်ပေးခဲ့သည်။

ဆန္ဒမဲလက်မှတ်များပေါ်တွင် ပါရှိနေသေးသည့် UDP၏ စာရင်းမှပယ်ဖျက်ခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့်ပတ်သက်သည့် UEC ၏ ကြေညာချက်ကို လေ့လာခဲ့သော မဲရုံများ၏ 78% သောမဲရုံများတွင် ကပ်ထားကြေညာထားပါသည်။ ဆန္ဒမဲပေးရန် အခြားတစ်ဦးက အကူအညီပေးမှုနှင့် စပ်လျဉ်း၍ တိုင်ကြားလာသော ပြဿနာ ၈၅ ရပ်ရှိပြီး လေ့လာခဲ့သော မဲရုံများထဲမှ ၃၆ % တွင် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအတွက် ဝင်ရောက်မဲပေးနိုင်သော အခြေအနေမရှိသည်ကို တွေ့ရပါသည်။

မဲရုံများကို ညနေ ၄ နာရီတွင် ပိတ်ရန် သို့မဟုတ် တန်းစီနေသော မဲဆန္ဒရှင်များအနေဖြင့် မဲပေးခွင့်ရပြီးသွားသောအခါတွင် ပိတ်ရန် အချိန်သတ်မှတ်ထားပါသည်။ မဲစာရင်းပါ မဲဆန္ဒရှင်အားလုံး မဲပေးပြီးပါက မဲရုံများကို စော၍ပိတ်နိုင်ပါသည်။ မဲရုံပိတ်ခြင်းကို လေ့လာခဲ့သော မဲရုံ ၁၉ ရုံလုံးတွင် မဲရုံပိတ်ခြင်းအား လုပ်ဆောင်ရန်အဆင့်များအတိုင်း လိုက်နာဆောင်ရွက်သွားပါသည်။ မဲရေတွက်ခြင်းကို လေ့လာခဲ့သော မဲရုံ ၁၈ ရုံ၌ တစ်ရုံမှအပ ကျန်မဲရုံများအတွက် စစ်ဆေးအကဲဖြတ်ချက်မှာ ကောင်းမွန်သည်ဟု အဖြေထွက်ပါသည်။[၃၁] မဲရေတွက်ခြင်းမှာ ပွင့်လင်းမြင်သာမှုရှိ၍ လေ့လာခဲ့သော မဲရေတွက်ခြင်းဖြစ်စဉ်တိုင်းတွင် ရွေးကောက်ပွဲကိုယ်စားလှယ်နှင့် မဲရုံကိုယ်စားလှယ်များရှိပြီး မြန်မာနိုင်ငံသားရွေးကောက်ပွဲ လေ့လာသူများ (ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများ) မှာလည်း လေ့လာခဲ့သည့် မဲရုံများ၏ တစ်ဝက်တွင် ရှိနေခဲ့ပါသည်။ မဲရေတွက်သည့်ဖြစ်စဉ်တွင် ဝင်ရောက်စွက်ဖက်သော သီးခြားဖြစ်ရပ်များကို အခြေအနေသုံးရပ်ဖြင့် မှတ်သားပါသည်၊ နှစ်ရပ်မှာ ရွေးကောက်ပွဲကိုယ်စားလှယ် သို့မဟုတ် မဲရုံကိုယ်စားလှယ်များမှ ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး တစ်ရပ်မှာ ပြည်တွင်းရွေးကောက်ပွဲလေ့လာသူမှ ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်ပါသည်။

ရလဒ်များကို စာရင်းသွင်းသည့်လုပ်ငန်းစဉ်၏ ကနဦးအဆင့်များကို မြို့နယ် ၁၃ ခု၏ ကော်မရှင်အဖွဲ့ခွဲများတွင် လေ့လာခဲ့ပါသည်။ ဖြစ်ရပ် ၁၀ ခုတွင် ရလဒ်စာရင်းသွင်းခြင်းအပေါ် စစ်ဆေးအကဲဖြတ်ချက်မှာ ကောင်းမွန်သည်ဟု အဖြေထွက်ပါသည်။ ကျန်ဖြစ်ရပ်သုံးရပ်၏ စစ်ဆေးအကဲဖြတ်ချက်မှာမူ ကောင်းမွန်မှုမရှိပါဟု အဖြေထွက်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျိုက်ထို (မွန်ပြည်နယ်)၊ ကျိုင်းတုံ (ရှမ်းပြည်နယ်)နှင့် မကွေး (မကွေးတိုင်း)ရှိ မြို့နယ်များတွင် မစ်ရှင်ရွေးကောက်ပွဲလေ့လာသူများအနေဖြင့် ရလဒ်စာရင်းသွင်းသည့် ဖြစ်စဉ်ကို လေ့လာရန်

[၃၁] မွန်ပြည်နယ်ရှိ မဲရုံတစ်ရုံတွင် မဲရေတွက်ခြင်းအပေါ် စစ်ဆေးအကဲဖြတ်ချက်မှာ ဆိုးရွားသည်ဟု အဖြေထွက်လာပါသည်၊ အဘယ်ကြောင့်ဆိုသော် လုပ်ဆောင်ရန်အဆင့်များကို တိကျစွာလိုက်နာမှုမရှိသည့်အပြင် မဲရုံကိုယ်စားလှယ်များမှာ မဲရေတွက်ခြင်းများတွင် ဝင်ရောက်စွက်ဖက်သောကြောင့် ဖြစ်ပါသည်။

ဥပစာတွင်းသို့ ဝင်ခွင့်ရသော်လည်း အကန့်အသတ်ဖြင့်သာ ဝင်ခွင့်ရခြင်းနှင့် ဝင်ခွင့်လုံးဝမရခြင်းတို့ကြောင့် ဖြစ်ပါသည်။ မစ်ရှင်ရွေးကောက်ပွဲလေ့လာသူများသည် သိသာထင်ရှားသည့် အစီစဉ်မကျမှုတစ်ခုကိုလည်း တွေ့ရှိခဲ့ပါသည်။ လေ့လာခဲ့သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် မဲရုံကိုယ်စားလှယ်နှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ် ၁၂ ယောက်နှင့် မြန်မာနိုင်ငံသား ရွေးကောက်ပွဲလေ့လာသူ ၈ ယောက် ရှိပါသည်။ လေ့လာခဲ့သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ၅ ခုတွင် မသန်စွမ်းသူများအနေဖြင့် ကိုယ်တိုင်ဝင်ရောက်နိုင်ခွင့်အတွက် မဆောင်ရွက်ပေးနိုင်ကြောင်း တွေ့ရှိခဲ့ပါသည်။